# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း (၄)ရက် ၊ အင်္ဂါနေ့ ၊ (19-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် မေ ၁၈**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၈ ခုနှစ် နယုန်လဆန်း ၁၄ ရက် ၂၀၂၆ ခုနှစ် မေ ၂၉ ရက်(သောကြာနေ့)နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက သုံးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ ခုနစ်ပါး၊ ဝိနယဓရ ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး စုစုပေါင်းသံဃာတော် ၁၃၃ ပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲမှ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၂၂၂၄၈၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၃၀၆၇၁၆၈ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

### ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

### အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေး




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ** စာမျက်နှာ - ၁၉

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ** စာမျက်နှာ - ၁၉




ရတနာပုံ

၂၀၂၆ ခုနှစ် မေ ၁၉ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားမြင့်မားဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ကုန်ထုတ်လုပ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည်။ ကုန်ထုတ်လုပ်မှုဆိုသည်မှာ ကုန်ကြမ်းပစ္စည်းများကို လုပ်အားနှင့်စက်ပစ္စည်းများသုံး၍ အသုံးဝင်သောကုန်ချောများအဖြစ် ပြောင်းလဲခြင်းဖြစ်သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ညှိနှိုင်းတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သည်။

ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသည်။ မြန်မာနိုင်ငံသည်အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူအများစုသည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးခြင်းမှသည် နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်သည်။

ထို့ပြင် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက် ထုတ်လုပ်သောကုန်ထုတ်ပစ္စည်းများသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ **"ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်"** ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ထိုသို့ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုနှင့်နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်နှင့်မျိုးစေ့ရရှိရေးနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလယ်သမားများနှင့် လူငယ်လုပ်ကိုင်သူများအားလုံးက ပူးပေါင်းပါဝင်ကြရန်လိုအပ်သည်။

ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP)ကို တိုက်ရိုက်မြှင့်တင်ပေးနိုင်သည့်အပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် လူအင်အားကို အများအပြားလိုအပ်ပြီး ကျေးလက်နှင့် မြို့ပြဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကာ ဝင်ငွေမြင့်မားစေသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် ထုတ်ကုန်များကို ယခုထက် ပိုမိုကြိုးပမ်းထုတ်လုပ်ကြရန်လိုပြီး ပို့ကုန်များပိုမိုတင်ပို့နိုင်ရေးအတွက် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူအားလုံးတို့က တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၁၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၁၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် နှမ်းစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ နှမ်း ၁၀၁၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီလထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေး သွားပါမယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲတပ်ဆုံကျေးရွာအုပ်စု ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း အမှန်တကယ်လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆူးပုတ်ကန်ကျေးရွာ ကျေးရွာမတည်ရန်ပုံငွေ(VRFP) စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရေး၊ ရန်ပုံငွေဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးကို အလေးထား လိုက်နာဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆူးပုတ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၃၄ ဒသမ ၉၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်း ငါးသလောက်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီအတွင်း ငါးသလောက်ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကပုံမှန်အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီးတစ်ပိဿာလျှင် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ အရောင်းအဝယ်ဖြစ်ပြီး ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးကောင်းမြို့နယ် နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးကောင်း မေ ၁၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မိုးကောင်းမြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ တာဝန်ရှိသူများက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၆ ဒသမ ၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ဝေါမြို့နယ် ဖက္ကလိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖက္ကလိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖက္ကလိပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၉ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညီ**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၃၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဖောင်းပြင် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၃၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၃၆ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၅၃၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ကိုက်လန်၊ ခရမ်း၊ မုန်လာထုပ်၊ မုန်လာဥ စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးပါမယ်"ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာနိုင်စေရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမျှော်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် လယ်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း စစ်ဆေး

**မလှိုင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လယ်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် လယ်ကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကိုရန်ပုံငွေကျပ်၄၀ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နံ့ကားဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလ အတွင်း နံ့ကားဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လက နံ့ကားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလတစ်လအတွင်း နံ့ကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နံ့ကားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာ နံ့ကားဆန်အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမေလထဲမှာလဲ နံ့ကားဆန်တွေကို မှာယူတာ များနေပါတယ်။ အခုလို နံ့ကားဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ ဆက်စပ်တဲ့တွေသူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဧပြီလတွင်း တင်ပို့ရောင်းချသည့် နံ့ကားဆန်များ အပါအဝင် လယ်ယာထွက်ကုန်များကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသများကို ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နံ့ကားဆန်များ တင်ပို့ရောင်းချအား ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂)

ပါမောက္ခကိုကိုအောင်



**Before vitamins were discovered, in past eras, people explored and identified foods that could be nutritious through experience and study, and passed this knowledge down through generations.**

**Prof. Ko Ko Aung**

**အတိတ်ကာလက အာဟာရနှင့် ကျန်းမာရေး ထိန်းညှိမှုများ**

ဗီတာမင်ကို ရှာဖွေတွေ့ရှိချိန်ကာလမတိုင်မီက ဗီတာမင်ကို ရှာဖွေတွေ့ရှိနိုင်ရန်အတွက် ရောင်ခြည်သန်းလာသော ဆယ်စုနှစ်နှင့်ချီသည့် ကာလများကို ဖြတ်သန်းခဲ့ကြရသည်။ အဆိုပါ ရောင်ခြည်သန်းလာသော ကာလထက်စောသည့် ၁၈ ရာစုမတိုင်မီ ကာလများက လူတို့အတွက် အာဟာရဖြစ်စေနိုင်သောအစားအစာများကို အတွေ့အကြုံနှင့် လေ့လာမှုများအရ စူးစမ်းဖော်ထုတ်ကာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြသည်။

အာဟာရနှင့် ကျန်းမာရေးထိန်းညှိမှု လုပ်ဆောင်ခဲ့ကြသည့် သမိုင်းကြောင်းမှာ ရှည်လျားလွန်းလှသည့်အတွက် ဤအခန်းတွင် အများပြည်သူတို့ ဗဟုသုတအနေဖြင့် သိထားသင့်သော အကြောင်းအရာတချို့ကိုသာ အနှစ်ချုပ်၍ ကဏ္ဍခွဲကာ ဖော်ပြပေးသွားမည်ဖြစ်သည်။

(က) **စမ်းသပ်မှုနှင့် အမှားအမှန် (Trial & Error )**

လူတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် အစားအစာအမျိုးမျိုးကို သဘာဝအတိုင်းဖြစ်စေ၊ ချက်ပြုတ်ကြော်လှော်ပြီးဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ၊ ရောနှော၍ဖြစ်စေ စားသုံးကြည့်ကြပြီးနောက် မည်သည့်အစားအစာက ခွန်အားတိုးစေသည်၊ မည်သည့်အစားအစာက မအီမသာဖြစ်စေသည်၊ မည်သည့်အစားအစာက မည်သည့်ဝေဒနာကို ပျောက်ကင်းစေသည် စသည်တို့ကို မှတ်တမ်းမှတ်ရာများ ပြုစုထားရှိပြီး ထိုကဲ့သို့ ပြုစုထားချက်များကို မျိုးဆက်ပေါင်းများစွာ အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့ကြခြင်းဖြင့် သိရှိနားလည်ခဲ့ကြသည်။ လက်တွေ့စမ်းသပ်မှုများအရ အမှားနှင့်အမှန် ခွဲခြားခြင်းနည်းလမ်းဖြစ်သည်။

(ခ) **သဘာဝဆေးဖက်ဝင် အပင်များနှင့် ရိုးရာဆေးနည်းများ**

ခန္ဓာကိုယ်ညှိုးနွမ်းမှုနှင့် မအီမသာဖြစ်မှုများကို ကျော်လွှားနိုင်ရန်နှင့် ခုခံအားမြှင့်တင်နိုင်ရန်အတွက် ကန်စွန်းဥ၊ မုန်လာဥနီ၊ လိမ္မော်သီး၊ သံပရာသီး စသည်တို့ကို အသုံးပြုခဲ့ကြသည်။ အဆိုပါ အသုံးပြုခံ မြေတွင်းဥများနှင့် အသီးအနှံတို့မှာ မျက်မှောက်ခေတ် အာဟာရသိပ္ပံပညာရပ်အရ ဗီတာမင် A နှင့် ဗီတာမင် C တို့ ကြွယ်ဝသည့်အစားအစာများပင်ဖြစ်ကြသည်။

အလားတူပင် ဝေဒနာတချို့အတွက် ငါးကြီးဆီကို သုံးစွဲခဲ့ကြသကဲ့သို့ ခန္ဓာကိုယ်အားနည်းခြင်းနှင့် သွေးအားနည်းခြင်းတို့အတွက် တိရစ္ဆာန်တို့၏ အသည်းနှင့်အသားများကိုလည်း စားသုံးခဲ့ကြသည်။ အာဟာရသိပ္ပံပညာအရ ငါးကြီးဆီက ဗီတာမင် D ကြွယ်ဝပြီး အသည်းနှင့် အသားတို့က ဗီတာမင် B12 အများအပြား ပါဝင်နေကြသည့် အာဟာရများဖြစ်ကြသည်။

(ဂ) **အစားအစာတာရှည်ခံအောင်ထိန်းသိမ်းခြင်း**

အအေးလွန်ကဲခြင်းကဲ့သို့သော ရာသီကာလများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များ၌ အာဟာရမပျက်အသင့်စားသုံးနိုင်ရန် ကြံဆခဲ့ကြရာ အခြောက်ခံခြင်း၊ ဆားနယ်ပြီး သိမ်းဆည်းခြင်းနှင့် အချဉ်ဖောက်ခြင်းတို့က အစားအစာများကို တာရှည်ခံစေရုံသာမက မူလအာဟာရဓာတ်ကိုပါ ထိန်းသိမ်းပေးနိုင်ကြောင်းနှင့် ရောဂါတချို့ကို ကာကွယ်နိုင်ကြောင်း သိရှိခဲ့ကြသည်။

ထိုခေတ်ကာလများက အာဟာရကို ထိန်းသိမ်းထားနိုင်ကြောင်း ယုံကြည်လက်ခံသိရှိနားလည်ခဲ့ကြခြင်းမှာ အဆိုပါ တာရှည်ခံအစားအစာများ၌ မူလပါဝင်နေသည့် ဗီတာမင်များ ယုတ်လျော့ကျဆင်းသွားမှုမရှိသောကြောင့်ပင်ဖြစ်သည်။

(ဃ) **ရောဂါကာကွယ်မှုနည်းလမ်းများ**

ရောဂါတချို့အတွက် နေပူစာလှုံခြင်းက သက်သာပျောက်ကင်းစေသကဲ့သို့ ကြိုတင်ကာကွယ်မှုတစ်ရပ်ဖြစ်သည်ကို ရာစုနှစ်နှင့်ချီ၍ လက်ခံကျင့်သုံးခဲ့ကြသည်။ အာဟာရသိပ္ပံပညာအရဆိုလျှင် နေပူစာလှုံခြင်းက နေရောင်ခြည်ထဲမှ ဗီတာမင် D ကို ရယူဖြည့်ဆည်းပေးခြင်းဖြစ်သည်။

ထိုနည်းတူစွာပင် မွှေးပျံ့တိုင် ဆေးဝါးများ(Aromatherapy)နှင့် သဘာဝဆေးဖက်ဝင်အဆီများကို ရောဂါပိုးမွှားများ ကပ်ငြိကျရောက်ခြင်းမှ ကာကွယ်ရန်နှင့် ရောဂါကုသရန်အတွက် အသုံးပြုခဲ့ကြသည်။

( င ) **ဆေးပညာဆိုင်ရာ စနစ်များ**

ရှေးခေတ် ဂရိဆေးပညာ၊ တရုတ်ရိုးရာဆေးပညာ(TCM)နှင့် အာယုဗ္ဗေဒဆေးပညာ (Ayurveda)တို့၌ ကျင့်သုံးခဲ့ကြသည့်စနစ်များသည် ခန္ဓာကိုယ်တွင်း ညီညွတ်မျှတစေရေးကိုဦးတည်ခဲ့ကြသည်။ခန္ဓာကိုယ်၏ဇီဝယန္တရားလည်ပတ်မှုက ဟန်ချက်ညီညီဖြင့် အားကောင်းစေရန်အတွက် အသီး၊ အနှံ၊ အရွက်၊ အစားအစာနှင့် ဆေးဖက်ဝင်ပစ္စည်းတချို့ကို သုံးစွဲခဲ့ကြသည်။

( စ ) **အာဟာရချို့တဲ့မှုကိုကုသသည့်နည်းလမ်းများ**

၁၈ ရာစုမတိုင်မီက သင်္ဘောသားများသည် ပင်လယ်နှင့် သမုဒ္ဒရာများအတွင်း လနှင့်ချီ၍ ရွက်လွှင့်သွားလာကြရာ၌ သံပရာသီးနှင့် လိမ္မော်သီးတို့ကို ယူဆောင်သွားကြသည်။ အာဟာရသိပ္ပံပညာအရ အဆိုပါ သီးနှံများမှာ ဗီတာမင် C ကြွယ်ဝသော အစားအစာများပင်ဖြစ်သည်။

သိုင်ယာမင်း(Thiamine) ချို့တဲ့မှုအတွက် ဆန်လုံးညိုကို စားသုံးခဲ့ကြခြင်းကလည်း ဗီတာမင် B1 ချို့တဲ့နေမှုကို ပြန်လည်ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

ကလေးငယ်များ အရိုးပျော့ခွေ ကုန်းလာခြင်းရောဂါ(Rickets)အတွက် နေပူခံစေခြင်းသည်လည်း နေရောင်ခြည်ထဲမှဗီတာမင်ကို အလုံအလောက် ရယူဖြည့်တင်းစေခြင်းဖြစ်သည်။

(ဆ) **အစာစားသုံးမှု ပုံစံ**

အသားနှင့် ငါးများကိုသာ အလွန်အကျွံစားသုံးခြင်း သို့တည်းမဟုတ် ဟင်းသီးဟင်းရွက်များကိုသာ အလွန်အကျွံ စားသုံးခြင်းမျိုးမပြုလုပ်ဘဲ အသား၊ ငါး၊ ဥအမျိုးမျိုး၊ အသီးနှင့် အရွက်တို့ကို မျှမျှတတဖြစ်အောင် စားသုံးကြခြင်းဖြင့် အာဟာရဓာတ်စုံလင်အောင် ထိန်းသိမ်းခဲ့ကြသည်။ တစ်နည်းဆိုရသော် ဗီတာမင်အစုံအလင် (Multi-vitamin) ရရှိအောင် စားသုံးခဲ့ကြခြင်းဖြစ်သည်။

အီဂျစ်အင်ပါယာခေတ်က ခန္ဓာကိုယ် ညှိုးနွမ်းမှုကိုကုသရန် တိရစ္ဆာန်တို့၏ အသည်းကို စားသုံးစေခြင်း၊ ရှေးခေတ် တရုတ်ရိုးရာ ကုထုံးတချို့တွင် ဆန်လုံးညိုကို စားသုံးစေခြင်းနှင့် ရောမခေတ်က သွေးအားနည်းရောဂါ(Anemia)ကို ကုသရန်အတွက် သံဓာတ်ကြွယ်ဝသော ရေနံ့သတ္တုရည်ကို သောက်သုံးစေခြင်းများကလည်း မျက်မှောက်ခေတ် အာဟာရသိပ္ပံပညာအရ ဗီတာမင်ကြွယ်ဝသော အာဟာရများဖြင့် ကုသပေးခဲ့ကြခြင်းဖြစ်သည်။

❖ ခန္ဓာကိုယ်ညှိုးနွမ်းမှုနှင့် မအီမသာဖြစ်မှုများကို ကျော်လွှားနိုင်ရန်နှင့်ခုခံအားမြှင့်တင်နိုင်ရန်အတွက် ကန်စွန်းဥ၊ မုန်လာဥနီ၊ လိမ္မော်သီး၊ သံပရာသီး စသည်တို့ကို အသုံးပြုခဲ့ကြသည်။ အဆိုပါအသုံးပြုခံ မြေတွင်းဥများနှင့် အသီးအနှံတို့မှာ မျက်မှောက်ခေတ်အာဟာရသိပ္ပံပညာရပ်အရ ဗီတာမင် A နှင့် ဗီတာမင် C တို့ ကြွယ်ဝသည့် အစားအစာများပင်ဖြစ်ကြသည်။ အလားတူပင် ဝေဒနာတချို့အတွက် ငါးကြီးဆီကို သုံးစွဲခဲ့ကြသကဲ့သို့ ခန္ဓာကိုယ်အားနည်းခြင်းနှင့် သွေးအားနည်းခြင်းတို့အတွက် တိရစ္ဆာန်တို့၏ အသည်းနှင့်အသားများကိုလည်း စားသုံးခဲ့ကြသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့ တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၇၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက၂၇၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ပဲတီစိမ်း ဧက၂၇၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်းဧက ၂၇၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမှာပါ။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးသွားမှာပါ"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေ က ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ လျာထားဧကထက်တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေ က ပြောပြ၍ သိရသည်။ (၂၀၆)

# အုတ်ဖိုမြို့နယ် ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မေ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ဆင်ကူးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈၅ ဦးကို ငွေကျပ် ၆၄ ဒသမ ၉၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁ ဒသမ ၉ သိန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၀ ဒသမ ၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၀၅ ဦးကို ငွေကျပ် ၆၇ ဒသမ ၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# နိုင်ငံတော်သစ် ရှေ့သို့ချီ

\- မြန်မာဆိုသည့်၊ ဇာတိမျိုးမဟာ
ကမ္ဘာကိုသိ၊ သာဘိတန်ခိုးဖြာ
လက်ရုံးသန်မာ၊ မှန်စွာထွန်းပ
ပြည့်ကျိုးမျှော်ရည်၊ ရှေ့သို့ချီ
ဦးတည်ထာဝရငယ်နှင့်လေး။

\- ခွင့်တူညီမျှ၊ ဝါဒဖြူစင်စွာ
ကျင့်မူသီလ၊ သာစွတူယှဉ်ကာ
သွေးချင်းဖြာဖြာ၊ စုံစွာမျိုးဆက်
သမိုင်းရှည်ကြာ၊ မြဲသစ္စာ
ခိုင်မာပေါင်းစည်းလျက်ကယ်နှင့်လေး။

\- ကြိုးရွက်သည်ထက်၊ ကြိုးရွက်ဆောင်ကြပြီ
တိုးတက်သည်ထက်၊ တိုးတက်အောင်ရမည်
ရှေ့သို့လှမ်းချီ၊ မှန်းရည်ကြိုးပမ်း
နိုင်ငံသစ်ဆီ၊ တို့ဦးတည်
တက်ညီတစ်စိတ်တစ်ဝမ်းငယ်နှင့်လေး။

\- တို့ညီအောင်လှမ်း၊ လက်ကမ်းချစ်ကြည်ပါ
တို့ပြည်ထောင်နန်း၊ ထက်တန်းခေတ်မီစွာ
ရွှေပြည်သာယာ၊ ဝေဆာရွှန်းလက်
အစွန့်ရှည်ကြာ၊ ဖွံ့စည်ဖြာ
ညီညာကမ်းဆင့်လျက်ကယ်နှင့်လေး။

\- အမိမြေတွက်၊ မွေးလျက်လက်ရုံးအင်
အသိဝေလျက်၊ ပေးဆက်သက်ဆုံးပင်
ခေတ်ကြေးမုံပြင်၊ ပေါ်လွင်ထင်ရှား
ပြည်ကောင်းစေရန်၊ မြည့်ဆွေးဆံ
ကျင့်ကြံနာခံပွားသည်နှင့်လေး။

\- ငွားစွင့်ဝေဆာကျက်သရေဖြာ
ပြည်သာအောင်ပန်းလှတော့မည်။
\- ကြွားဝင့်သွေမကွာ တက်နေပမာ
ညီညာဆောင်ထမ်းကြတော့သည်။ ။

ရဲခေါင်

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အမေရိကန်ရေတပ် တိုက်လေယာဉ်နှစ်စင်း လေကြောင်းပြပွဲတွင် သရုပ်ပြပျံသန်းစဉ် ဝေဟင်၌တိုက်မိခဲ့

**နယူးယောက် မေ ၁၈**

အမေရိကန်နိုင်ငံ အိုင်ဒါးဟိုးပြည်နယ်၌ မေ ၁၇ ရက်က ကျင်းပခဲ့သော လေကြောင်းပြပွဲတွင် အမေရိကန်ရေတပ်မှ တိုက်လေယာဉ်နှစ်စင်း ဝေဟင်၌တိုက်မိခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်လေယာဉ်နှစ်စင်းသည် မောင်းတိန်းဟုမ်းလေတပ်စခန်းနှင့် နှစ်မိုင်ခန့်အကွာဝေဟင်အတွင်း တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်လေယာဉ်နှစ်စင်း တိုက်မိချိန်တွင် လေယာဉ်မှူးလေးဦးမှာ အရေးပေါ် လေထီးစနစ်များနှင့် ဘေးကင်းလုံခြုံစွာ ခုန်ထွက်နိုင်ခဲ့သည်။

သရုပ်ပြပျံသန်းစဉ် ဝေဟင်အတွင်း တိုက်မိခဲ့သော ရေတပ်တိုက်လေယာဉ်များမှာ အီးအေ-၁၈ ဂျီဘရော်လာတိုက်လေယာဉ်များဖြစ်သည်။

ယင်းလေယာဉ် နှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း တိုက်မိခဲ့ပြီးနောက် အမှတ် ၁၆၇ ပြည်နယ်အဝေးပြေးလမ်းပေါ်သို့ ပျက်ကျခဲ့ရာ အဝေးပြေးလမ်းတစ်စိတ်တစ်ပိုင်းကို ပိတ်ထားခဲ့ရသည်။

လက်ရှိတွင် အဆိုပါလေယာဉ်နှစ်စင်း တိုက်မိမှုဖြစ်စဉ်ကို အမေရိကန်ရေတပ်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ကုန်တင်ယာဉ်တစ်စီး မြစ်ထဲထိုးကျ

**ပေကျင်း မေ ၁၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ မေ ၁၇ ရက်က ကုန်တင်ယာဉ်တစ်စီး မြစ်ကူးတံတားပေါ်မှ ထိုးကျခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် အလုပ်သမားတစ်ဦးသေဆုံးခဲ့ပြီး ကိုးဦးပျောက်ဆုံးနေကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

တံတားပေါ်မှ ထိုးကျခဲ့သည့် ကုန်တင်ယာဉ်ပေါ်တွင် လူ ၁၅ ဦး လိုက်ပါလာခဲ့ပြီး ငါးဦးကိုကယ်တင်နိုင်ခဲ့သည်။

ယာဉ် မတော်တဆမှုသည် ကွမ်းရှီးဒေသ မြစ်ကူးတံတားတစ်စင်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကုန်တင်ယာဉ်ဖြင့် လိုက်ပါလာသူများမှာ ကန်စွန်းဥစိုက်ခင်း အလုပ်သမားများဖြစ်ကြကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးသမား ဦးရေ ၇၀၀ ကျော်တို့က မြစ်ကြောင်းတစ်လျှောက်၌ ပျောက်ဆုံးနေသူ ကိုးဦးကို ရှာဖွေနေကြဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တောင်ကိုရီးယားနယ်စပ်တစ်လျှောက် ရှေ့တန်းတပ်များ အင်အားတောင့်တင်းရေး မြောက်ကိုရီးယားခေါင်းဆောင်မှာကြား



**ပြုံယမ်း မေ ၁၈**

တောင်ကိုရီးယားနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်တစ်လျှောက်ရှိ ရှေ့တန်းတပ်များ အင်အားကို တောင့်တင်း ခိုင်မာရေးအတွက် အစီအစဉ်များ ရေးဆွဲထားသည်ဟု မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က မေ ၁၇ ရက်တွင် ပြောကြားထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယား ကြည်းတပ် တပ်မဟာများမှ တပ်မှူးများနှင့် မေ ၁၇ ရက်တွင် တွေ့ဆုံစဉ် နယ်စပ်တစ်လျှောက် စစ်အင်အား တောင့်တင်းရေး အစီအစဉ်များကို မြောက်ကိုရီးယားခေါင်းဆောင်က ထုတ်ဖော် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လက်နက်ကိုင်တပ်များ၏ လေ့ကျင့်မှုပုံစံများကို ထိန်းညှိရန်၊ ခေတ်သစ်စစ်ရေးပဋိပက္ခများ၏ အပြောင်းအလဲများကို ထင်ဟပ်နိုင်မည့် လေ့ကျင့်မှုများ တိုးချဲ့ပြုလုပ်ရန်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တပ်မှူးများနှင့်တွေ့ဆုံစဉ် တိုက်တွန်းပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို နိုးကြားစွာစောင့်ကြည့်နေရန် လိုအပ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ် စစ်ရေးပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် အဆုံးသတ်ထားခြင်းဖြစ်ရာ လက်တွေ့အားဖြင့် စစ်ဖြစ်ဆဲအခြေအနေတွင်သာရှိသေးသည်။

မေ ၁၇ ရက် တွေ့ဆုံပွဲသည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တပ်မဟာအဆင့်တပ်မှူးများ ပထမဆုံးတွေ့ဆုံပွဲဖြစ်သည်ဟု တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# နျူကလီးယားလက်နက်ဖြန့်ကြက်မှုများ ဘယ်လာရုစ် စတင်လေ့ကျင့်

**မင့်စ် မေ ၁၈**

နျူကလီးယား လက်နက်ဖြန့်ကြက်မှုပုံစံများကို ဘယ်လာရုစ် လက်နက်ကိုင်တပ်များက စတင်လေ့ကျင့်နေကြပြီဟု ဘယ်လာရုစ်ကာကွယ်ရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဘယ်လာရုစ်တပ်များအနေဖြင့် နျူကလီးယားလက်နက်ဖြန့်ကြက်အသုံးချမှုပုံစံများကို ရုရှားတပ်များနှင့်အတူ ပူးပေါင်းပြုလုပ်နေခြင်းဖြစ်ကြောင်း ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘယ်လာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံဖြစ်ပြီး ရုရှားနျူကလီးယားလက်နက်များကို လက်ခံထားသောနိုင်ငံဖြစ်သည်။

ရုရှားတပ်များနှင့် ပူးတွဲပြုလုပ်နေသည့် နျူကလီးယားလက်နက်ဖြန့်ကြက်မှု လေ့ကျင့်ခန်းများသည် ဘယ်လာရုစ်တပ်များ၏ နျူကလီးယားလက်နက်ဖြန့်ကြက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

ဘယ်လာရုစ်နိုင်ငံသည် ရုရှား၊ ယူကရိန်းတို့နှင့် နယ်မြေချင်းထိစပ်နေသည့်အပြင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ နေတိုးအုပ်စုဝင်နိုင်ငံ သုံးနိုင်ငံနှင့်လည်း နယ်မြေချင်းထိစပ်လျက်ရှိသည်။

ရုရှားနိုင်ငံ၏ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို ဘယ်လာရုစ်နိုင်ငံ၌ထားရှိခွင့်ကို ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုက ၂၀၂၃ ခုနှစ်တွင် သဘောတူထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# နိုင်ဂျီးရီးယားရှိ အိုင်အက်စ်ပစ်မှတ်များကို အမေရိကန် အာဖရိကစစ်ဌာနချုပ် ထပ်မံတိုက်ခိုက်

**နယူးယောက် မေ ၁၈**

အမေရိကန် တပ်မတော်၏ အာဖရိကစစ်ဌာနချုပ်သည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု (အိုင်အက်စ်)ပစ်မှတ်များကို မေ ၁၇ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများထပ်မံပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုများကို နိုင်ဂျီရီးယားအစိုးရနှင့် ညှိနှိုင်းပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အာဖရိကစစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ခိုက်မှုများအတွင်း အမေရိကန်နှင့် နိုင်ဂျီးရီးယား တပ်ဖွဲ့ဝင်များ အထိအခိုက်မရှိခဲ့ကြောင်း နိုင်ဂျီးရီးယားအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်နှင့် နိုင်ဂျီးရီးယား တပ်ဖွဲ့ဝင်များသည် မေ ၁၅ ရက်ကလည်း စစ်ဆင်ရေးတစ်ခုပူးတွဲပြုလုပ်၍ အိုင်အက်စ်အုပ်စု ဒုတိယခေါင်းဆောင် အဘူဘီလားအယ်လ်မီနူကီကို ရှင်းလင်းခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံသည် နိုင်ဂျီးရီးယားအခြေစိုက် အိုင်အက်စ်ပစ်မှတ်များကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ်အဖြစ် စတင်တိုက်ခိုက်ခဲ့သည်။


ယင်းနောက်ပိုင်းတွင် အမေရိကန်တပ်မတော်သည် နိုင်ဂျီးရီးယားနိုင်ငံသို့ တပ်ဖွဲ့ဝင် ဦးရေ ၂၀၀ နှင့် မောင်းသူမဲ့လေယာဉ်များ စေလွှတ်ဖြန့်ကြက်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဆိုက်ခီအာကာသယာဉ်က အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့



ဝါရှင်တန် မေ ၁၈

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆိုက်ခီ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း မေ ၁၇ ရက် သတင်းများအရ သိရသည်။

ဆိုက်ခီအမည်ရှိ သတ္တုဂြိုဟ်သိမ် တစ်စင်းဆီသို့ ခရီးနှင်နေသော အာကာသယာဉ်သည် ပျံသန်းရာလမ်းကြောင်း ထိန်းညှိရေးအတွက် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာ၏ သတင်းထုတ်ပြန်ချက်အရ ဆိုက်ခီအာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို ဂြိုဟ်မျက်နှာပြင်နှင့် မိုင် ၂၈၀၀ အကွာမှတစ်နာရီလျှင် ၁၂၃၃၃ မိုင် အမြန်နှုန်းဖြင့် ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ဆိုက်ခီ အာကာသယာဉ်ပေါ်ရှိ စူးစမ်းလေ့လာရေးစနစ်များက အင်္ဂါဂြိုဟ် ဘူမိလက္ခဏာများကို လေ့လာခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဆိုက်ခီသတ္တုဂြိုဟ်သိမ်ကို လေ့လာရေးအတွက် ဆိုက်ခီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ်တွင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဆိုက်ခီ အာကာသယာဉ်သည် ၂၀၂၉ ခုနှစ်တွင် ဆိုက်ခီသတ္တုဂြိုဟ်သိမ်ဆီသို့ ရောက်ရှိမည်ဖြစ်ပြီး နှစ်နှစ်ကြာ စူးစမ်းလေ့လာရေး မစ်ရှင်ကို စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## SMILE ကမ္ဘာဂြိုဟ် သံလိုက်စက်ကွင်းနယ်မြေလေ့လာရေး အာကာသယာဉ်ကိုလွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီ စီစဉ်ထား

ပဲရစ် မေ ၁၈

SMILE အမည်ရှိ ကမ္ဘာဂြိုဟ် သံလိုက်စက်ကွင်းနယ်မြေ လေ့လာရေးအာကာသယာဉ်ကို မေ ၁၉ ရက်တွင် လွှတ်တင်ရန် ဥရောပ အာကာသအေဂျင်စီက စီစဉ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

SMILE အာကာသယာဉ်ကို ဗီဂါ-စီ ဒုံးပျံဖြင့် တောင်အမေရိကတိုက် ပြင်သစ်ဂီနီယာဒေသရှိ ကိုရူး အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။



ဥရောပအာကာသအေဂျင်စီသည် SMILE အာကာသယာဉ် ကို မူလက ဧပြီ ၉ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း နည်းပညာပြဿနာတစ်ရပ်ကြောင့် အစီအစဉ် ဆိုင်းငံ့ခဲ့ရ ကြောင်း သိရသည်။

SMILE အာကာသယာဉ်သည် လွှတ်တင်ပြီးချိန်တွင် ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၇၀၀ အကွာ ပတ်လမ်းပေါ်တွင် နေရာယူ၍နောက်ပိုင်းတွင် ကီလိုမီတာ ၁၂၁၀၀၀ အကွာရှိ ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်သည်။

SMILE အာကာသယာဉ်သည် နေမှထုတ်လွှတ်လိုက်သော စွမ်းအင်ဆောင် အမှုန်စီးကြောင်းများနှင့် ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်းတို့ကြား အပြန်အလှန်တုံ့ပြန်ဓာတ်ပြုမှုများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

SMILE အာကာသယာဉ်သည် ဥရောပအာကာသအေဂျင်စီနှင့် တရုတ်အမျိုးသား အာကာသအေဂျင်စီတို့ ပူးပေါင်းတည်ဆောက်ထားသည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်ခ်အာကာသယာဉ်က ရှာလ်ဘာတာနာဖဲလ်လစ် ရှေးဟောင်းရေစီးကြောင်းစနစ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

ပဲရစ် မေ ၁၈

ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်ခ်အာကာသယာဉ်သည် ရှာလ်ဘာတာနာဖဲလ်လစ်အမည်ရှိ ရှေးဟောင်းရေစီးကြောင်းစနစ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း မေ ၁၇ ရက်သတင်းများအရ သိရသည်။

ရှာလ်ဘာတာနာဖဲလ်လစ် ရှေးဟောင်း ရေစီးကြောင်းစနစ်သည် အင်္ဂါဂြိုဟ်အီကွေတာအနီးတည်ရှိပြီး မိုင် ၈၀၀ ခန့်ထိ ရှည်လျားသော ရှေးဟောင်းရေစီးကြောင်းစနစ် ဖြစ်သည်။

ရှာလ်ဘာတာနာဖဲလ်လစ် ရှေးဟောင်း ရေစီးကြောင်းစနစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံက အင်္ဂါဂြိုဟ်မြေအောက်ရေခဲများ အရည်ပျော်၍ မြေမျက်နှာပြင်ပေါ် ပွင့်ထွက်လာမှုကြောင့် ပေါ်ထွက်လာသည့် ရေလမ်းကြောင်းစနစ်ဖြစ်သည်။

မားစ်အိတ်စပရက် အာကာသယာဉ်သည် ရှာလ်ဘာတာနာဖဲလ်လစ် ရှေးဟောင်းရေစီးကြောင်းစနစ်ကို HRSC အမည်ရှိ ကင်မရာစနစ်ဖြင့် ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ ရှာလ်ဘာတာနာဖဲလ်လစ် ရှေးဟောင်းရေစီးကြောင်းစနစ်သည် မိုင်ပေါင်း ၈၀၀ ခန့်ရှည်လျားကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ရှာလ်ဘာတာနာ ရှေးဟောင်းရေစီးကြောင်းစနစ်၏ အကြီးဆုံးရေစီးကြောင်းမှာ ခြောက်မိုင်ရှည်လျား၍ မီတာ ၅၀၀ ထိ နက်ရှိုင်းကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## တစ်ပတ်လျှင် အလုပ်ချိန်လေးရက်ထားရှိခြင်းက အဝလွန်မှုပြဿနာကို လျှော့ချပေးနိုင်

ကင်ဘာရာ မေ ၁၈

တစ်ပတ်လျှင် အလုပ်ခွင်ဝင်ရက်ကို လေးရက်သတ်မှတ်ပေးခြင်းသည် အဝလွန်မှုပြဿနာကို လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလုပ်လုပ်ချိန် အရှည်လျားဆုံးနိုင်ငံများမှာ အဝလွန်မှုနှုန်း အမြင့်ဆုံးနိုင်ငံများဖြစ်နေကြောင်း သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များသည် ဥရောပစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) အဖွဲ့ဝင်နိုင်ငံ ၃၃ နိုင်ငံတို့၏ အလုပ်ချိန်ပုံစံများနှင့် အဝလွန်မှုနှုန်းတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ပတ်လျှင် အလုပ်ချိန် သာမန်ထက်ပိုရှည်လျားသော အမေရိကန်၊ မက္ကဆီကိုနှင့် ကိုလံဘီယာကဲ့သို့ နိုင်ငံများ၏ အဝလွန်မှုနှုန်းသည် အလုပ်ချိန်ပိုနည်းပါးသည့် နောဒစ်ဒေသနိုင်ငံများထက် ပိုမြင့်မားသည်ကိုတွေ့ရကြောင်း၊ သို့ရာတွင် တစ်ပတ်လျှင် အလုပ်ချိန်ကို ၂၀ ရာခိုင်နှုန်း လျှော့ချ၍ တစ်ပတ်လျှင် အလုပ်ချိန်ကို လေးရက်သတ်မှတ်ပါက အဝလွန်မှုပြဿနာကို လျှော့ချနိုင်ကြောင်း ဩစတြေးလျ သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဆံပင်ကျွတ်ကုသရေးဆေးတစ်မျိုးက အမျိုးသားများ၌ လိင်စွမ်းဆောင်ရည်၊ စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်

လန်ဒန် မေ ၁၈

ဆံပင်ကျွတ် ထိပ်ပြောင်မှုပြဿနာကို ကုသရာတွင် အသုံးပြုသည့် ဆေးတစ်မျိုးကြောင့် အမျိုးသားများ၌ လိင်စွမ်းဆောင်ရည် ပြဿနာများနှင့် စိတ်ကျန်းမာရေး ပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း မေ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ Finasteride အမည်ရှိ ဆံပင်ကျွတ်မှုတားဆီးရေး ဆေးတစ်မျိုးသည် သုံးစွဲသူအမျိုးသားများ၌ လိင်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှု၊ စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်မှုတို့နှင့် ဆက်စပ်နေကြောင်း သိရသည်။

Finasteride ဆေးစွဲသူအမျိုးသားများ၌ ပန်းသေပန်းညှိုးပြဿနာ၊ စိတ်ဖိအားဝင်ရောက်မှုပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Finasteride ဆေးသည် တက်စတိုစတာရုန်း ဟော်မုန်းများ၊ ဒီဟိုက်ဒရို တက်စတိုစတာရုန်း ဟော်မုန်းများအဖြစ် ပြောင်းလဲသွားမှုကို တားဆီးပေးခြင်းဖြင့် ဆံပင်များဆုံးရှုံးမှုကို ကာကွယ်ပေးကြောင်း၊ ဒီဟိုက်ဒရို တက်စတိုစတာရုန်း ဟော်မုန်းများကြောင့် ဆီးကျိတ်အရွယ်အစားကြီးမားလာတတ်ပြီး ဆံပင်များလည်း ကျွတ်ထွက်တတ်ကြောင်း သိရသည်။

Finasteride ဆေးသုံးစွဲသူ လူနာများအနေဖြင့် စိတ်ကျန်းမာရေးလက္ခဏာများ ပေါ်ထွက်လာခဲ့ပါက လိင်စွမ်းရည်ဆိုင်ရာ ပြဿနာများရှိလာပါက ဆေးသုံးစွဲမှုကို ရပ်ထားသင့်သည်ဟု သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းကိုအနိုင်ရပြီး မြန်မာအသင်း ဆီမီးဖိုင်နယ်အဆင့်တက်ရောက်




**ရန်ကုန် မေ ၁၈**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကိုအနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် တရုတ်အသင်းတို့သည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲက ကစားခဲ့ရာ မြန်မာအသင်းက ပထမပွဲငယ်တွင် ၁၅ မှတ် ခုနစ်မှတ်၊ ဒုတိယပွဲငယ်တွင်လည်း မြန်မာအသင်းကပင် အသာစီးဖိအားပေး ကစားနိုင်ခဲ့ကာ ၁၅ မှတ် ခုနစ်မှတ်ဖြင့်ပင် ထပ်မံအနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့သည်။

ထို့နောက် အမျိုးသားလေးယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၆ နာရီက မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းက ၁၇ မှတ် ၁၆ မှတ်ဖြင့်အနိုင်ရပြီး ဒုတိယပွဲငယ်တွင် ထိုင်းအသင်းကပြန်လည်အသာစီးရရှိခဲ့ကာ ရမှတ် ၁၅ မှတ် ခြောက်မှတ်ဖြင့် မြန်မာအသင်းက ရှုံးနိမ့်ခဲ့သည်။

ထို့နောက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကစားခဲ့ရာ မြန်မာအသင်းက ၁၅ မှတ် ၁၂မှတ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့သည်။

အလားတူ အမျိုးသားသုံးယောက်တွဲ ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့်ကစားခဲ့ရာ ပထမပွဲငယ်တွင် ၁၅ မှတ် ကိုးမှတ်၊ ဒုတိယပွဲငယ်တွင် ၁၅ မှတ် ငါးမှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**STA**

# Italian Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျန်နစ်ခ်ဆင်နာ ဆွတ်ခူး

**ရောမ မေ ၁၈**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်တို့ယှဉ်ပြိုင်ခဲ့ရာ ဂျန်နစ်ခ်ဆင်နာက(၆-၄၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Sky Sports Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ အတွက် မွေးရပ်မြေတွင် ကျင်းပသည့် ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သကဲ့သို့ အခြားသော ပြိုင်ပွဲများထက် အီတလီမြေ၊ အီတလီပရိသတ်များ ရှေ့မှောက်တွင် ချန်ပီယံဆုကိုင်မြှောက်ခွင့်ကို ပို၍အလေးထားကြောင်း ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "ကျွန်တော့်အတွက် ခက်ခဲတဲ့ရက်သတ္တပတ်ဖြစ်သလို ပွဲပန်းဒဏ်ခံစားခဲ့ရတဲ့ ရက်သတ္တပတ်လဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အီတလီတင်းနစ်ကစားသမားတွေ အောင်မြင်မှုရဖို့ ရုန်းကန်ခဲ့ကြရပါတယ်။ ကျွန်တော် သိသလောက် ဒီပြိုင်ပွဲမှာ အီတလီတင်းနစ်ကစားသမားတွေ အောင်မြင်မှုမရတာ နှစ်ပေါင်း ၅၀ လောက်ရှိပြီထင်တယ်။ ကျွန်တော့်အနေနဲ့ နှစ်တွေအများကြီးကြာပြီးမှ အခုလိုအောင်မြင်မှုပြန်ယူပေးနိုင်ခဲ့တဲ့ အတွက်ကြောင့် အီတလီ နိုင်ငံသားတစ်ယောက်အနေနဲ့ ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports Tennis**
**Trs : AZL**



# ရီးရဲလ်မက်ဒရစ်အသင်းက နည်းပြသစ်အဖြစ် နည်းပြမော်ရင်ဟိုနှင့် သဘောတူညီမှုရရှိ

**မက်ဒရစ် မေ ၁၈**

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဆုဖလားလက်မဲ့ရာသီနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ယာယီနည်းပြအာဘီလိုအာနေရာတွင် အသင်းနည်းပြဟောင်း မော်ရင်ဟိုနှင့် အစားထိုးရန်ကြိုးပမ်းခဲ့ရာ နှစ်ဖက်သဘောတူညီမှုရခဲ့ကြောင်း Goal.com သတင်းဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၃ နှစ်ရှိ နည်းပြမော်ရင်ဟိုသည် ရီးရဲလ်မက်ဒရစ်အသင်းကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်ထိ တာဝန်ယူခဲ့ရာ စပိန်လာလီဂါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ စပိန်စူပါဖလားတို့ကိုရယူပေးနိုင်ခဲ့သောကြောင့် ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများက ဆုဖလားအောင်မြင်မှုများ ပြန်လည်ရယူနိုင်ရန် နည်းပြမော်ရင်ဟိုကို ဒုတိယအကြိမ် နည်းပြတာဝန်ပေးအပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နည်းပြမော်ရင်ဟိုသည် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းကို တာဝန်ယူနေသူဖြစ်ပြီး အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း စာချုပ်ပါသဘောတူညီချက်အရ ကလပ်အသင်းကသော်လည်းကောင်း၊ နည်းပြကသော်လည်းကောင်း စာချုပ်ဖျက်သိမ်းခွင့် ပါရှိနေသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် နည်းပြမော်ရင်ဟိုကို အလွယ်တကူခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကြား ကနဦးသဘောတူညီမှုတွင် နှစ်နှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး လာမည့် မေ ၂၄ ရက် ဘီလ်ဘာအိုအသင်းနှင့်ကစားမည့်စပိန်လာလီဂါနောက်ဆုံးပွဲစဉ်တွင် နည်းပြမော်ရင်ဟိုက စပိန်နိုင်ငံ မက်ဒရစ်မြို့သို့ လာရောက်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# ယူ-၁၉ အမျိုးသမီးဖူဆယ်အသင်းအတွက် ကစားသမားရွေးချယ်ပွဲကို မြစ်ကြီးနားမြို့တွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် မေ ၁၈**

ထိုင်းနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် အာဆီယံ ယူ-၁၉ အမျိုးသမီးဖူဆယ်ပြိုင်ပွဲ၌ အောင်မြင်မှုများ ရရှိနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီမှဦးဆောင်ကာ ယူ-၁၉ အမျိုးသမီးဖူဆယ်အသင်း ဖွဲ့စည်းနိုင်ရေးအတွက် ကစားသမားရွေးချယ်ပွဲကို ကျင်းပြည်နယ် မြစ်ကြီးနားမြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် အစောပိုင်းက ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့တို့တွင်သာ ကျင်းပရန်စီစဉ်ထားသော်လည်း ယခုအခါ မြစ်ကြီးနားမြို့တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယူ-၁၉ အမျိုးသမီးဖူဆယ်အသင်း ဖွဲ့စည်းနိုင်ရေးအတွက် လူရွေးချယ်မှုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားကွင်းတွင် မေ ၁၉ရက် (ယနေ့)နှင့် ၂၀ ရက်တို့တွင် လူရွေးချယ်ပွဲ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါကစားသမားရွေးချယ်ပွဲတွင် လာရောက်ရွေးချယ်ခံမည့် ကစားသမားများအနေဖြင့် မွေးစာရင်းမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ Smart Card မိတ္တူတို့ကို ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မန်ယူအသင်းမှ ဖာနန်ဒက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ဘောလုံးရာသီတစ်ရာသီအတွင်း ဂိုးဖန်တီးမှုအကြိမ် ၂၀ ပြုလုပ်နိုင်သည့် တတိယမြောက်ကစားသမားဖြစ်လာ

**မန်ချက်စတာ မေ ၁၈**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ် မန်ယူအသင်းနှင့် နော်တင်ဟမ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အသင်းအတွက် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့သည့် ကွင်းလယ်ကစားသမား ဖာနန်ဒက်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘောလုံးရာသီတစ်ရာသီအတွင်း ဂိုးဖန်တီးမှု အကြိမ် ၂၀ ပြုလုပ်နိုင်သည့် တတိယမြောက်ကစားသမား ဖြစ်လာခဲ့ကြောင်း Fotmob သတင်းဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖာနန်ဒက်သည် ယခုပွဲစဉ်တွင် ပွဲချိန် ၇၆ မိနစ်၌ အသင်းဖော်အမ်ဘူမို၏သွင်းဂိုးကို ဂိုးဖန်တီးမှုပြုလုပ်ခဲ့ပြီးနောက် အာဆင်နယ်အသင်းတိုက်စစ်မှူးဟောင်း အွန်နရီနှင့် မန်စီးတီးအသင်းကွင်းလယ်ကစားသမားဟောင်း ဒီဘရိုင်းတို့ပြီးလျှင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအကြိမ် ၂၀ ပြုလုပ်နိုင်သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမား ဖာနန်ဒက်သည် ယခုနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းအတွက် ၃၄ ပွဲ ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုးရှစ်ဂိုးနှင့် ဂိုးဖန်တီးမှုအကြိမ် ၂၀ ရှိခဲ့သောကြောင့် မန်ယူအသင်းနှင့် ဘောလုံးရာသီ တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှု အများဆုံး ကစားသမား အဖြစ်လည်း မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့သည်။




မန်ယူအသင်းသည် လာမည့် မေ ၂၄ ရက်တွင် ပရီးမီးယားလိဂ်နောက်ဆုံးပွဲစဉ်အဖြစ် ဘရိုက်တန်အသင်းနှင့် အဝေးကွင်းသွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်သော်လည်း အဆိုပါပွဲစဉ်တွင် ဖာနန်ဒက်အနေဖြင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ပါက ပရီးမီးယားလိဂ်သမိုင်းတွင် ဘောလုံးရာသီတစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး ကစားသမားဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# ဆော်ဒီပရီလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒို ထိပ်ဆုံးမှ ရေပန်းစားနေ




**ရီယာဒ် မေ ၁၈**

ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရီလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်ခဲ့ပြီးနောက် အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒိုကဆွတ်ခူးနိုင်ရန် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီပရီလိဂ် အဖွဲ့ချုပ်က ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရီလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းကို ငါးဦးရွေးချယ်ခဲ့ပြီး အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒိုနှင့်အတူ အသင်းဖော်ဂျာအိုဖီးလစ်၊ အယ်လ်ဟီလယ်အသင်းမှ နီဗက်၊ အယ်လ်အာလီအသင်းမှ အိုင်ဗန်တိုနေ၊ အယ်လ်ကွာဒီရှီအသင်းမှ ဂျူလီယန်ကွီနိုနက်စ်တို့ပါဝင်လာခဲ့သည်။

စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် အယ်လ်နာဆာအသင်း တာဝန်ရှိသူများနှင့် ဆက်ဆံရေး တင်းမာမှုများကြောင့် ပွဲစဉ်အချို့လွဲချော်ခဲ့သော်လည်း နောက်ပိုင်းတွင် အသင်းအတွက် ပြန်လည်ကစားပေးခဲ့ပြီး သွင်းဂိုးများစွာသွင်းယူနိုင်ခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုသည် ဆော်ဒီပရီလိဂ်ပြိုင်ပွဲတွင် အယ်လ်နာဆာအသင်းနှင့်အတူ ၂၉ ပွဲကစားခဲ့ရာ သွင်းဂိုး ၂၆ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြသခဲ့ပြီးနောက် ပြိုင်ပွဲတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။

စီရော်နယ်ဒို၏ နောက်တွင် အယ်လ်အာလီ အသင်းနှင့်အတူ သွင်းဂိုး ၃၂ ဂိုးသွင်းယူထားပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးမှရပ်တည်နေသည့် အိုင်ဗန်တိုနေက ရေပန်းစားနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြန်မာအမျိုးသမီးဘောလုံးအသင်း နည်းပြသစ်အဖြစ် ဂျပန်လူမျိုးနည်းပြ မစ္စတာမစ်ဆူအိုကာတိုကို ခန့်အပ်

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)က လာမည့် ထိုင်း၊ ဥဇဘက်ကစ္စတန်တို့နှင့် AYA Bank Tri-Nations Cup (Women Friendly) အပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်မှုတစ်ရပ်အနေဖြင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၏ နည်းပြသစ်အဖြစ် ဂျပန်လူမျိုးနည်းပြ မစ္စတာမစ်ဆူအိုကာတိုကို နှစ်နှစ်သက်တမ်းရှိစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၄၆ နှစ်ရှိ နည်းပြသစ် မစ္စတာမစ်ဆူအိုကာတိုသည် AFC Pro License ကို ကိုင်ဆောင်ထားသူဖြစ်ပြီး အာရှဘောလုံးလောက၊ အထူးသဖြင့် ဂျပန်နှင့် ထိုင်းနိုင်ငံ အမျိုးသမီးဘောလုံးလောကတွင် အောင်မြင်မှုများ ရရှိခဲ့ဖူးသူဖြစ်သည်။

မစ္စတာ မစ်ဆူအိုကာတိုသည် ထိုင်းအမျိုးသမီး လက်ရွေးစင်အသင်း၏ လက်ထောက်နည်းပြအဖြစ် ၂၀၁၉ ခုနှစ်၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်တို့တွင် တာဝန်ယူခဲ့ပြီးနောက် ထိုင်းလိဂ်ကလပ်အသင်းကြီးများဖြစ်သည့် Chonburi FC၊ BG Pathum United၊ Samut Prakan City တို့တွင် လက်ထောက်နည်းပြ၊ နည်းစနစ်ပိုင်းဆိုင်ရာ အချက်အလက်ခွဲခြမ်းစိတ်ဖြာသူ (Technical Analyst)၊ နည်းစနစ်ဒါရိုက်တာတာဝန်များကို ထမ်းဆောင်ခဲ့ဖူးသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နည်းပြသစ်မစ္စတာမစ်ဆူအိုကာတို၏ ဦးဆောင်မှုနှင့်အတူ လာမည့်နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများကို မကြာမီစတင်သွားမည်ဖြစ်ကြောင်း သိရသည်။ STA




# ၂၀၂၆ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၁၉ရက်မှ ဇွန် ၂ရက်ထိကျင်းပမည်

**နေပြည်တော် မေ ၁၈**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယ ပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၂၆ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၁၉ရက် (ယနေ့)မှ ဇွန် ၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိအားကစားကွင်း ဥယျာဉ်တို့တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အလားတူ ကွာတားဖိုင်နယ် အဆင့်မှစတင်ပြီး ရန်ကုန်မြို့ရှိ YTC အားကစားကွင်း၊ ပဒေသာ အားကစားကွင်း၊ သန်လျင်အားကစားကွင်း၊ပဒ္ဒမ္မာအားကစားကွင်း၊ သုဝဏ္ဏအားကစားကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အာရွန်ရိုင် ဆွတ်ခူး


**နယူးယောက် မေ ၁၈**

အမေရိကန်နိုင်ငံ ပန်ဆယ်ဗေးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား အာရွန်ရိုင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း RNZ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန် ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စမေလေတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဇ်အဘာက်၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂျက်စတင်သောမတ်စ်နှင့် ဂျာမနီဂေါက်သီးရိုက်ကစားသမား ရှမစ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

ဂေါက်သီးရိုက် လောက၏ အရှိန်အဝါကြီးမားသော ပြိုင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် ကမ္ဘာ့အဆင့် ကစားသမားအမြောက်အမြား ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

အာရွန်ရိုင်က "ကျွန်တော်တကယ်ပဲ ချန်ပီယံဖြစ်သွားတာလား။ အခုထိ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်သေးဘူးဖြစ်နေပါတယ်။ ဒီနှစ်ရာသီကတော့ ကျွန်တော့်အတွက် တကယ့်ကိုဂုဏ်ယူစရာနှစ်တစ်နှစ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော် မျှော်လင့်ထားတဲ့ အရာတွေထက်တောင် ပိုပြီးတော့ ရရှိနေပါတယ်။ ဒီပြိုင်ပွဲမတိုင်မီ ကျွန်တော့်အနေနဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ အချိန်ပေးဖြစ်ခဲ့ပါတယ်။ လေ့ကျင့်မှုအပိုင်းကို ပိုပြီးတော့ အာရုံစိုက်ခဲ့ပါတယ်။ အခုလေ့ကျင့်မှုရဲ့ အသီးအပွင့်တွေကို ကျွန်တော် ခံစားခွင့်ရနေပြီလို့ ခံစားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : RNZ

Trs : AZL

# ယာဖိုင်နှင့် ဆန်ဒိုဗယ်လ်တို့၏ WBC၊ WBA ဗလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ် ရွှေ့ဆိုင်း

**လန်ဒန် မေ ၁၈**

WBC၊ WBA ဗလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ဆန်ဒိုဗယ်လ်နှင့် ဗြိတိန်လက်ဝှေ့သမား ယာဖိုင်တို့သည် လာမည့် ဇွန် ၆ ရက်တွင် ထိုးသတ်ရန်ပွဲစီစဉ်ထားသော်လည်း ယာဖိုင်သည် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲကို ရွှေ့ဆိုင်းခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယာဖိုင်အတွက် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်ကို ရရှိခဲ့ပြီးနောက် ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ထိုးသတ်မည့် ပွဲဦးဖြစ်ပြီး ပြင်းထန်စွာ လေ့ကျင့်မှုပြုလုပ်ခဲ့သည့်အတွက် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ရှုံးပွဲမရှိသေးသည့် ယာဖိုင်သည် လေ့ကျင့်ရေးတွင် အချိန်ပိုပေးခဲ့ပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ကာ ဒဏ်ရာအခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည့်အတွက် စိတ်ပျက်ဝမ်းနည်းမိကြောင်း ပြောကြားခဲ့သည်။

ယာဖိုင်က "ဒီပွဲစဉ်အတွက် ကျွန်တော်အများကြီး လေ့ကျင့်ရေးမှာ အချိန်ပေးပြီးတော့ပြင်းထန်တဲ့ လေ့ကျင့်မှုတွေပြုလုပ်နေပါတယ်။ ဒါပေမဲ့ မတော်တဆဒဏ်ရာရရှိခဲ့တဲ့အတွက် စိတ်ပျက်စရာဖြစ်ခဲ့ရပါတယ်။ ကျွန်တော့်ဘဝအတွက် အဓိကရည်မှန်းချက်က ကမ္ဘာ့ချန်ပီယံဖြစ်ဖို့ပါ။ ဒါပေမဲ့ ကျွန်တော့် အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ အဟန့်အတားတွေ ရှိလာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# သီးနှံအထွက်နှုန်းကောင်းမွန်ဖို့ စနစ်တကျစိုက်ပျိုးကြစို့

မောင်သောင်းဝင်း(တမန်ဟောင်း)



မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြသည်။ ၎င်းတို့အနက် ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းကို တိုက်ရိုက်လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုနေကြသည်။ ထို့ပြင် အခြားကျေးလက်နေပြည်သူများမှာလည်း စိုက်ပျိုးရေးကိုအခြေခံသည့်အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရသဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်လျက်ရှိသည်။ မြန်မာနိုင်ငံသားအများစုသည် စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးနေကြခြင်းဖြစ်သည်ဟုဆိုနိုင်သည်။

**လူသားအရင်းအမြစ်**

ကျေးလက်နေပြည်သူများ အနေဖြင့် လယ်ယာစိုက်ပျိုးရေး၌ သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် သမားရိုးကျစိုက်ပျိုးရေးမှသည် စက်မှုစိုက်ပျိုးရေးကိုအခြေခံသော ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်သွားရန် လိုအပ်သည်။ ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျ စိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးသို့သွားရန် လိုအပ်သည်။ ထိုသို့ဖော်ဆောင်နိုင်ရန် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးသွားရန်လိုအပ်သည်။

စင်စစ်အားဖြင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာကျောင်းများကို နိုင်ငံအနှံ့ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုး၊ မွေးမြူ စက်မှုဆိုင်ရာတက္ကသိုလ်ကောလိပ်များကိုတည်ဆောက်ထားပြီး နိုင်ငံ၏ပညာရေးအပေါ်မူတည်၍ ယခုအခါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်ထားပေးသည်။

ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့တက်လှမ်းနိုင်ရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး၊ လူမှုဘဝအဆင်ပြေချောမွေ့စေရေးတို့အတွက် ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်းကာ ထိထိရောက်ရောက် ဆောင်ရွက်သွားရန်လိုအပ်သည်။

**နည်းလမ်းလေးသွယ်**

လယ်ယာစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းရန်အတွက် အခြေခံကျသော နည်းလမ်းလေးသွယ်သည် မျိုးများကောင်းမွန်ရန်၊ မြေကိုကျေညက်အောင် ပြုပြင်ပြီး သွင်းအားစုများကို မှန်မှန်ကန်ကန်ထည့်ရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်ပင်ဖြစ်သည်။ ထို့ကြောင့် တောင်သူများ စနစ်တကျ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ပညာပေးဆွေးနွေးမှုများ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနများက လုပ်ဆောင်ပေးလျက်ရှိသည်။

**မျိုးကောင်းမျိုးသန့်**

သီးနှံအထွက်နှုန်း ကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ စုဆောင်းသိုလှောင်စိုက်ပျိုးရသည်။ ကောက်ပဲသီးနှံ ရိတ်သိမ်းကတည်းက အကောင်းဆုံးအစေ့အဆန်များကို လာမည့် စိုက်ပျိုးရာသီအတွက် ရွေးချယ်ကာ သိုလှောင်ထားရသည်။ မျိုးကောင်းလျှင် အထွက်နှုန်းလည်းကောင်းသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက တောင်သူများကို မျိုးကောင်းမျိုးသန့်များ၊ အထွက်နှုန်းကောင်းမျိုးများ ဖြန့်ဝေပေးလျက်ရှိသဖြင့် ကောက်ပဲသီးနှံအထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပသို့ပင် တင်ပို့နိုင်မည်ဖြစ်သည်။

**မြေယာပြုပြင်ခြင်းနှင့် သဘာဝမြေဩဇာအသုံးပြုခြင်း**

သီးနှံပိုမိုထွက်ရှိရန်အတွက် နှစ်စဉ်ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်တွင် ယာခင်းများကို ပေါင်းရှင်းခြင်း၊ နွားချေးထည့်ခြင်း၊ ထွန်ရေးညက်အောင်ထွန်ခြင်း စသည့်မြေယာပြုပြင်မှုလုပ်ငန်းများ လုပ်ဆောင်ရသည်။ အနည်းဆုံး ထွန်ရေးလေးစပ်နှင့်အထက် ထွန်ယက်ထားမည်ဆိုလျှင် မိုးခေါင်ဒဏ်ခံနိုင်ပြီး သီးနှံအထွက်နှုန်းပိုမိုကောင်းမွန်သည်။

သဘာဝမြေဩဇာဖြစ်သည့် နွားချေးထည့်ပြီး ထွန်ရေးညက်အောင် ထွန်ထားမည်ဆိုလျှင် သီးနှံအထွက်နှုန်းကောင်းမွန်နိုင်သည်။ တတ်နိုင်ပါက ပုလဲဓာတ်မြေဩဇာ အတန်အသင့်အသုံးပြုနိုင်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက တောင်သူများကို ယူရီးယားနှင့် ပုလဲဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ထို့ပြင် ပိုးသတ်ဆေးများ၊ အပင်အားတိုးဆေးများကိုလည်း အလွယ်တကူ ဝယ်ယူရရှိနေပြီဖြစ်သည်။ ကောက်ပဲသီးနှံစိုက်ပျိုးရာတွင် သွင်းအားစုများ မှန်မှန်ထည့်နိုင်လျှင် ထည့်နိုင်သလောက်အထွက်နှုန်းလည်းကောင်းမွန်လေ့ရှိသဖြင့် စနစ်တကျ တွက်ချက်ထည့်သွင်းစိုက်ပျိုးသွားသင့်ပေသည်။

**စိုက်ပျိုးရေဖူလုံရေး**

လယ်ယာစိုက်ပျိုးရေးတွင် အရေးကြီးဆုံးအရာမှာ ရေပင်ဖြစ်သည်။ မိုးလေဝသမှန်ကန်မည်ဆိုလျှင် သီးနှံအထွက်နှုန်းကောင်းမွန်သဖြင့်၊ တောင်သူများ ပျော်ရွှင်စိတ်ချမ်းမြေ့စေသည်။ မိုးခေါင်သည့်နှစ်များတွင် အထွက်နှုန်းနည်းသဖြင့် တောင်သူများဝင်ငွေနည်းသကဲ့သို့ ပြည်ပဝင်ငွေလည်း လျော့ကျနိုင်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ဆည်မြောင်း၊ တာတမံများနှင့် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေအတွက် စိတ်မပူရတော့ပေ။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့်ရေရရှိရေးတွင် မိုးရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ရှိသည်။ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းရပ်အလိုက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ နိုင်ငံတကာတွင် အောင်မြင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါကလည်း ရေသည် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

**စိုက်ပျိုးနည်းစနစ်မှန်ကန်ရန်လို**

မျိုး၊ မြေ၊ ရေ ကောင်းမွန်နေသည့်တိုင်အောင် စိုက်ပျိုးနည်းစနစ်မှန်ကန်မှုမရှိလျှင် အထွက်နှုန်းနည်းနေမည့်ဖြစ်သည့်အတွက် လုပ်သလောက် အကျိုးခံစားရမည်မဟုတ်ချေ။ လယ်ယာမြေများကို သမားရိုးကျနည်းလမ်းအပြင် ခေတ်မီစက်ကိရိယာများဖြင့်ထွန်ယက်ကာ သီးထပ်၊ သီးညှပ်များကို တွက်ချက်စိုက်ပျိုးသွားမည်ဆိုလျှင် အထွက်နှုန်းကောင်းမွန်မည်ဖြစ်သည်။ ထို့ပြင် ကောက်ပဲသီးနှံများရိတ်သိမ်းရာတွင်လည်း ခေတ်မီစက်ကိရိယာများနှင့် ရိတ်သိမ်းခြွေလှေ့သွားမည်ဆိုလျှင် မိုးလေလွတ်ပြီး အထွက်နှုန်းများ ကောင်းမွန်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် တောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် မိုးလေဝသသတင်းကို အဆက်မပြတ် နားထောင်သင့်ပေသည်။ သို့မှသာလျှင် လေလွင့်ဆုံးရှုံးမှုများ လျော့ချနိုင်မည်ဖြစ်သည်။

❖ ကျေးလက်နေပြည်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေး၌ သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် သမားရိုးကျစိုက်ပျိုးရေးမှသည် စက်မှုစိုက်ပျိုးရေးကိုအခြေခံသော ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်သွားရန်လိုအပ်သည်။ ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးသို့သွားရန်လိုအပ်သည်။ ထိုသို့ဖော်ဆောင်နိုင်ရန် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးသွားရန်လိုအပ်သည်။ ❖

**သီးနှံအထွက်နှုန်းကောင်းမွန်ဖို့ စနစ်တကျ စိုက်ပျိုးကြပါစို့**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ စားရေရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်များစွာ ရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံများကသာ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများအပါအဝင် သီးနှံအမျိုးပေါင်း ဧကများစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်းစသည့် နှစ်ရှည်ပင်နစိုက်ပျိုးမှုများလည်းရှိသည်။

အမှန်တော့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင်အရေးကြီးသည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါး၌ စားရေးသည် ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ မဖြစ်မနေလိုအပ်သည်ဖြစ်၍ စားရေးတွင်လုံလောက်ဖူလုံပြီး သက်သာချောင်ချိမှုရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်အစိုးရအဆက်ဆက်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြင့်မားတိုးတက်လာအောင် မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်၍ စိုက်ပျိုးရေးတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးကို အလေးထားဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်စားရေရိက္ခာဖူလုံသည့်အပြင် ပြည်ပသို့တင်ပို့နိုင်ရေးအတွက်ပါ ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ

# ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် တောဂျိုကာ ရုပ်ရှင်ဇာတ်ကားကို မေ ၂၂ ရက်တွင် ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် မေ ၁၈**

ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် တောဂျိုကာ ရုပ်ရှင်ဇာတ်ကားကို မေ ၂၂ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည် ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ထံမှ သိရသည်။

တောဂျိုကာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရာဇဝင်ကိုက ရေးသားထားပြီး ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ကျေးလက်ဒေသနောက်ခံ ဟာသဇာတ်မြူးလေးပါ။ တစ်ရွာလုံးပတ်မွှေလို့ စိတ်ဆိုးခံရတဲ့ ဂျိုကာတစ်ယောက် တစ်ရွာလုံးရဲ့ အလှဆုံးနှင်းဆီ သုံးယောက်ကို ပိုးပန်းရင်း အလွဲကြီးလွဲကြတဲ့ အခါ။ ရွာကိုရောက်လာတဲ့ အလှလေးနဲ့လဲတွေ့ရော တကောက်ကောက်နဲ့ ပါသွားပြန်တော့ ဇာတ်လမ်းတွေရှုပ်ကုန်လို့ အုတ်အော်ရယ်ရမဲ့ ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားပဲ ဖြစ်ပါတယ်" ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) က ပြောပြသည်။

တောဂျိုကာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ခင်လှိုင်၊ ဆင်မ၊ ဇင်မျိုး၊ ငှက်ပျောကြော်၊ မယ်လိုဒီ၊ နော်ဖောအယ်ထား၊ မေပန်းချီ၊ တက္ကသိုလ် ဝမ်းပုံ၊ ဆိုနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Caine ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဒါခရီမောင်ဂိုမာရီ ပါဝင်မည်

**နယူးယောက် မေ ၁၈**

John Wick မူကွဲဇာတ်ကား သစ်ဖြစ်သည့် Caine ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဒါခရီမောင်ဂိုမာရီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၇ ရက် သတင်းများအရ သိရသည်။

Caine ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဒါခရီမောင်ဂိုမာရီသည် ဒွန်နီယန်း၊ မင်းသမီး ရီနာဆာဝါယာမာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Caine ဇာတ်ကားသည် John Wick Chapter- 4 မှ မျက်မမြင် ကြေးစားလူသတ်သမား Caine ကို အဓိကထားရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဒွန်နီယန်းက Caine အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဒွန်နီယန်းသည် John Wick Chapter- 4 ၌ Caine အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်သည်။

Caine ဇာတ်ကားကို မင်းသား ဒွန်နီယန်းကပင် ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ကားထုတ်လုပ်မှုကို Lions-gate ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နှစ်ခါကွဲတဲ့အသည်း ရုပ်သံဇာတ်လမ်းကို M Entertainment ရုပ်သံလိုင်း၊ M Entertainment YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် မေ ၁၈**

နှစ်ခါကွဲတဲ့အသည်း ရုပ်သံဇာတ်လမ်းကို M Entertainment ရုပ်သံလိုင်း၊ M Entertainment YouTube Channel တို့မှ မေ ၂၃ ရက်တွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း ဒါရိုက်တာ သီတာလင်း ထံမှ သိရသည်။

အဆိုပါ နှစ်ခါကွဲတဲ့အသည်း ရုပ်သံဇာတ်လမ်းသည် ပြဇာတ် ဒါရိုက်တာ မောင်မောင်မြင့်စိန်၏ ကက်ဆက်ဇာတ်လမ်းကို ဒါရိုက်တာ သီတာလင်းက ဇာတ်ညွှန်း ရေးသားထားကာ တာဝန်ယူပုံဖော် ရိုက်ကူးထားသည့် ဇာတ်လမ်း ဖြစ်ကြောင်း သိရသည်။

"တစ်ချိန်တုန်းက ထင်ရှားခဲ့တဲ့ ကက်ဆက် ဇာတ်လမ်းတွေကို မေ့မရသော ကက်ဆက်ဇာတ်လမ်း များအစီအစဉ်အနေနဲ့ ရုပ်သံ ဇာတ်လမ်းအဖြစ် တင်ဆက်ပေး ထားတာဖြစ်ပါတယ်။ တစ်ခေတ် တစ်ခါက ထင်ရှားခဲ့တဲ့ ကက်ဆက် ဇာတ်လမ်းကို ရုပ်သံဇာတ်လမ်း အဖြစ် ကြည့်ရှုရတော့မှာ ဖြစ်ပါတယ်။ နှစ်ခါကွဲတဲ့အသည်း ရုပ်သံဇာတ်လမ်းကို M Channel မှာ စောင့်မျှော် ကြည့်ရှုနိုင်ပြီဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီတာလင်း က ပြောပြသည်။




အဆိုပါ ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ငွေစိုး၊ မင်းအာကာ၊ ရဲစည်သူအောင်၊ စွမ်းယု၊ ချိုမဒီသွင်၊ စောမြတ်နိုး၊ သီတာလင်း၊ အေးစန္ဒာချစ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး M Entertainment ရုပ်သံလိုင်းနှင့် M Entertainment YouTube Channel တို့မှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Big Fix ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး နာတာလီဒေါ်မာလည်း ပါဝင်လာ

**နယူးယောက် မေ ၁၈**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ The Big Fix အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး နာတာလီဒေါ်မာလည်းပါဝင်လာကြောင်း မေ ၁၇ ရက်သတင်းများအရ သိရသည်။

The Big Fix ဇာတ်ကားတွင် မင်းသမီး နာတာလီဒေါ်မာသည် မင်းသား မာ့ဝေးဘာ့၊ ရစ်အာမက် တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

The Big Fix ဇာတ်ကားသည် စာရေးဆရာ ဘရက်ဖောရက်၏ ခေါင်းစဉ်အမည်တူ ဖြစ်ရပ်မှန် ဇာတ်လမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Big Fix ဇာတ်ကားသည် အင်တာပိုရဲအရာရှိတစ်ဦးက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦး၏ လုပ်ပွဲအရှုပ်တော်ပုံအား ဖော်ထုတ်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Big Fix ဇာတ်ကားကို ဒါရိုက်တာ ဘယ်တာဆာကော်မာကူးက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ The Big Fix ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂိုင်းဘောတန်နှင့် ဂျပ်စတင်းဟောသီတို့က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# bebeetv Mobile Application နှင့် M Entertainment ရုပ်သံလိုင်းမှ လတစ်စင်းရဲ့အိမ်အပြန် ရုပ်သံဇာတ်လမ်းတွဲကို မေလ စတုတ္ထပတ်တွင် ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် မေ ၁၈**

bebeetv Mobile Application နှင့် M Entertainment ရုပ်သံလိုင်းမှ လတစ်စင်းရဲ့အိမ်အပြန် ရုပ်သံဇာတ်လမ်းတွဲကို မေလ စတုတ္ထပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ ပိုင်တံခွန်ထံမှ သိရသည်။

အဆိုပါ လတစ်စင်းရဲ့အိမ်အပြန် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အပြုံးက ရေးသားထားပြီး မင်းမူပိုင်၊ မြတ်ပြည့်ထက်ပိုင်၊ မကိုဌေးဦးစိတ်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ထွဋ်တင်ထွန်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"လက်ဝှေ့လောကကို အခြေတည်ထားတဲ့ မိသားစုဒရာမာ ဇာတ်လမ်းတွဲလေးပါ။ ကျွန်တော့်ကို ဒီဇာတ်လမ်းတွဲမှာ အိမ်မက်မရှိ အနာဂတ်နတ္ထိနဲ့ ကောင်ကလေး တစ်ယောက်အဖြစ် မြင်ရမှာပါ။ ဘဝကို ပေါ့ပျက်ပျက်နေတဲ့သူက ရုတ်တရက် မိသားစုတာဝန်တွေကို လွှဲပြောင်းတာဝန်ယူရင်း ချန်ပီယံဟောင်း အဖေနဲ့ အစ်ကိုတို့ရဲ့ ဂုဏ်သိက္ခာကို ပြန်ယူပေးနိုင်မလား ဆိုတာ ရှုစားပေးပါ။ ဒီဇာတ်လမ်းတွဲက ထိုင်းနိုင်ငံက Channel 8 ရုပ်သံလိုင်းမှာ ပထမဆုံးပြသခဲ့ရမဲ့ ရုပ်သံဇာတ်လမ်းတွဲလဲဖြစ်ပါတယ်"ဟု သရုပ်ဆောင် ပိုင်တံခွန်က ပြောပြသည်။

လတစ်စင်းရဲ့အိမ်အပြန် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ နေထူးနိုင်၊ ထူးသော၊ ဘုန်းလျှံ၊ နေ့သစ်အေးအောင်၊ ကျော်ဖေယျ၊ လင်းယံဆက်၊ မင်းမြတ်စိုးစံ၊ ယမင်းမေဦး၊ သန်းသန်းစိုး၊ မေဦးမိုးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Defence Services Commander-in-Chief General Ye Win Oo meets officers, other ranks and families of Kalaw Station, inspects Nanthida agriculture and livestock breeding integrated farms of Eastern Command



General Ye Win Oo meets officers, other ranks and families of Kalaw Station.

**Nay Pyi Taw May 18**

Commander-in-Chief of Defence Services General Ye Win Oo this morning met officers, other ranks and families of Kalaw Station at the hall of local battalion.

Also present at the meeting were his wife Daw Nilar, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) Lt-Gen Tun Win and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Eastern Command and officials, officers, other ranks and families of Kalaw Station.

Speaking on the occasion, the General said that terrorist groups attempted by various means to sow division between the Tatmadaw and the people in 2021. Some civil servants, lacking a clear understanding of politics and national affairs, were misled and engaged in DCS activities, which created many difficulties in efforts to serve the State and the people. Under the leadership of the State Government, national defence duties must continue to be carried out through the united strength of the Tatmadaw and the people.

The Tatmadaw is gradually recapturing and restoring control over towns and villages that were temporarily seized by terrorists. Administrative office buildings, hospitals, schools, and local residential homes destroyed by those terrorists are being repaired and rebuilt. Around the Falam area in the Chin State, terrorist groups that had temporarily exerted control and committed abuses against the public are being suppressed and eliminated, and that rehabilitation and reconstruction work in these areas is being carried out jointly by the Tatmadaw and the people. Similarly, key transportation routes such as the Myawady-Thingan Nyinaung-Kawkareik communication route and the Mandalay-Madaya-Thabeikkyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Monyin-Mogaung-Myitkyina route are being retaken and reopened by the Tatmadaw. Repairs are also being carried out on roads and bridges destroyed by terrorists.

Due to the Tatmadaw's effective military operations, local residents have warmly and wholeheartedly welcomed them, and that the Tatmadaw has also gained the trust and reliance of the public. This reflects the benefits of a firm commitment to protecting and safeguarding the people with unwavering determination and effort. Individuals who have performed exceptionally well in fighting for the State, the people, and the Tatmadaw are being recognized and honoured accordingly.

The Tatmadaw is a strong organization responsible for national security and defence duties on a 24-hour basis, structured with discipline, respect for the chain of command, and obedience to orders. It is built upon strong bonds of loyalty and unity. Its daily routine activities are essentially part of continuous training, and unity is achieved through collective participation in all assigned tasks. Only when combat capability and combat strength are strong can battles be successfully won; therefore, each individual is required to continuously train and develop their skills from the personal level upward. The State and the Tatmadaw are making efforts to support and enhance combat capabilities. In addition, it is necessary to continuously study and train in line with modern weapons and evolving military strategies. Furthermore, it is important to regularly study and analyze the weapons and technologies being used in ongoing wars around the world.

It is necessary to combine formal education with reading in order to gain knowledge and skills. To support reading of external literature, unit and battalion libraries should be consistently supplied with good and appropriate books. Only through extensive reading can knowledge and understanding be developed, enabling individuals to distinguish between right and wrong, and between good and bad. The Tatmadaw is also implementing measures not only for the children of military families but also to enhance the educational level of Tatmadaw members themselves. Children must be supported to become educated young people with critical thinking skills. Efforts should be made to ensure that all children of Tatmadaw members are able to participate in annual grade progression and achieve at least KG+9 level of education through collective support and effort.

In terms of administration, commanders should govern with a fatherly and good leadership mindset, while the wives of commanders are also expected to guide and support in a motherly manner. In order to ensure strong internal unity, good relations within the chain of command are necessary. Building unity within the unit is essentially the same as building strength, which in turn contributes to military capability. For effective administration, it is necessary to manage and command fairly, without favoritism or discrimination, and with an impartial mindset that treats all personnel equally.

With regard to welfare matters, it is necessary for commanders to ensure that officers, other ranks, and their families under their units receive their entitlements in a timely and complete manner, including provisions related to living conditions, food, education, and healthcare. Commanders are vested with administrative, financial, and judicial authority over their respective units; therefore, they are required to exercise sound judgment and demonstrate broadmindedness and integrity.

Kalaw is a region with a pleasant climate and favourable natural water and soil conditions. Therefore, agricultural and livestock activities can be successfully implemented there. Since agriculture and livestock farming are practical activities that yield tangible benefits, priority should be given to both unit-based and small-scale farming and livestock projects. Effective and successful implementation of these activities will contribute to local production and help to some extent in reducing high commodity prices. Furthermore, if surplus products can be sold at affordable prices to departmental staff in local stations and to residents, it will serve as practical outreach efforts and provide meaningful support to the local area.

Morale is closely linked to discipline and must be systematically strengthened to enhance overall morale. Both morale and discipline can be cultivated through continuous practice and training, and organizations must also be trained and developed accordingly. Good nature and goodwill are not the same. Discipline is founded on goodwill, and even the slightest breach of discipline should never be overlooked.

As military personnel, it is essential to strictly follow all orders and instructions issued by superiors. We must also adhere to rules and regulations, avoiding undesirable activities such as improper entertainment, drug use, and gambling. Drug abuse and financial problems can undermine unity within the military, while social misconduct is an inexcusable offense that must never be tolerated.

*See Page 13*


General Ye Win Oo inspects a cow farm.

*From Page 12*

Good health and physical fitness are essential for carrying out assigned duties and responsibilities, as well as fulfilling obligations to one's family. Poor health can adversely affect social and economic activities. To perform daily tasks effectively, it is important to maintain strong physical and mental well-being through regular exercise and daily physical activity. Since health depends largely on personal care, individuals must adopt healthy living habits and maintain a balanced diet.

The people's military service personnel are courageously carrying out their assigned duties in safeguarding the nation's defense and security. Those who serve with dedication and a spirit of sacrifice are recognized and honored with promotions and medals in accordance with their merit and performance. Many individuals continue to serve the country voluntarily as patriotic and responsible citizens, and they should be united and encouraged through a strong spirit of comradeship. Likewise, military veterans, who constitute the reserve force of the armed forces, work alongside active-duty personnel and faithfully undertake security responsibilities whenever the nation requires their service. Therefore, it is essential to address the needs of military personnel, veterans, and their families in areas such as housing, food, healthcare, education, and other aspects of daily life. The concerns and requirements submitted by individual officers, other ranks, and their spouses should be carefully reviewed and coordinated with the relevant authorities to ensure timely and effective support.

After the meeting, the Commander-in-Chief of Defence Services presented food items for officers, other ranks, and their families and the donations were received by the station commander. The Commander-in-Chief's wife, Daw Nilar, also presented awards to the Maternal and Child Welfare Association, which were received by the wife of the station commander.

The Commander-in-Chief of Defence Services and members of his entourage then cordially greeted the officers, other ranks, and family members in attendance.

In the evening, the Commander-in-Chief of Defence Services and his party visited the Nan Thida multi-purpose agriculture and livestock camp under the Eastern Command. At the briefing hall, the Commander of the Eastern Command provided an update on the camp's operations, including paddy cultivation, sunflower and tissue-cultured banana farming, as well as livestock and poultry breeding such as DYL pigs, dairy and beef cattle, layer chickens, broiler chickens, egg-laying ducks, fish farming, and various seasonal crops. The Commander-in-Chief of Defence Services then issued instructions emphasizing the need to further develop and ensure the success of agricultural and livestock activities and also highlighted the importance of supplying surplus products to departmental staff and local residents at affordable prices, and of assigning capable and interested personnel in agriculture and livestock sectors to enhance productivity and advance the work to a higher standard.

The Commander-in-Chief of Defence Services and his party then inspected the farming activities being carried out at the multi-purpose agricultural camp and coordinated the necessary measures in line with the explanations provided by the responsible officials. 100


# Traders send large volume of shrimp paste to Yangon market

**Labutta May 18**

Local merchants from Labutta Township of Ayeyawady Region shipped a large volume of shrimp paste to Yangon market in April, said Daw Win Maw, the owner of fish and fish paste trading depot in Labutta Township.

From Labutta Township, locally produced shrimp paste is mainly being shipped and sold to the Yangon market. During March this year, up to 55,000 viss of shrimp paste were exported and sold, while in April, monthly shipments increased to as much as 66,000 viss.

"We are exporting and selling locally produced goods, including shrimp paste, from Labutta Township to the Yangon market. During the past month alone, we were able to ship and sell up to 66,000 viss of shrimp paste. Demand from the Yangon market is currently very high. Shrimp paste is seeing strong demand in the domestic market, and prices have also increased. As shrimp paste trading has improved again, not only business owners but also workers are benefiting," said Daw Win Maw.


Photo shows cakes of shrimp paste.

In Labutta Township, seafood traders reportedly purchase small shrimp caught at sea by local fishermen and use them to produce ready-to-eat shrimp paste for sale. The shrimp paste business is regarded as a local production industry, and each shrimp paste production business is said to create employment opportunities for at least 15 to 25 workers in the region.

Kyaw Kyaw Lin

# Nigerian military says 20 IS fighters killed in joint operation with U.S.

**Abuja May 18**

At least 20 fighters of the Islamic State (IS) were killed in a joint operation by Nigerian and U.S. forces in Nigeria's northeastern Borno State, the Nigerian military said on Monday.

In a statement, military spokesperson Samaila Uba said the operation was carried out in the Metele area of Borno as part of ongoing counter-terrorism efforts in the region.

Uba said the strikes came after the killing of Abu-Bilal al-Minuki, whom the military described as the global second-in-command of IS.

According to the statement, the operation was conducted under a recently established counter-terrorism and intelligence-sharing partnership between Nigeria and the United States aimed at dismantling terrorist networks operating in the region.

The military said the strikes were launched after surveillance detected the gathering and movement of suspected militants, adding that ongoing operations were intended to weaken terrorist networks and deny armed groups safe havens within Nigeria.

The U.S. Africa Command confirmed on Monday that U.S. forces, in coordination with the Nigerian government, conducted additional strikes against IS militants in northeastern Nigeria.

In a statement, the U.S. Africa Command said intelligence had confirmed the targets were IS militants, adding that no U.S. or Nigerian personnel were hurt during the operation, while further assessments were underway.

Xinhua

# Hantavirus-hit cruise ship arrives in Rotterdam as final stop

**Rotterdam May 18**

The hantavirus-hit cruise ship MV Hondius arrived at the Dutch port of Rotterdam on Monday for disinfection, concluding a voyage that had drawn the attention of international health authorities.

The crew members are set to enter quarantine immediately. Those unable to return to their home countries will undergo quarantine in the Netherlands, the Dutch health ministry said last week.

According to Oceanwide Expeditions, the Dutch vessel's operator, there are currently 27 people on board, including 25 crew members and two medical personnel. The group consists of 17 Filipinos, four Dutch nationals, four Ukrainians, one Russian and one Polish national. Most of them will undergo a six-week quarantine in Rotterdam.

"The remaining crew and medical staff on board MV Hondius will disembark in a staggered approach upon arrival in Rotterdam, in close coordination with the cleaning process," Oceanwide Expeditions said in a statement on Sunday.

Xinhua


The hantavirus-hit cruise ship MV Hondius arrives at the port of Rotterdam in Rotterdam, the Netherlands, on May 18, 2026.

# Commander-in-Chief of Defence Services General Ye Win Oo pays homage to Buddha Images in the Yadana Sankyaung of Inlay Phaungdaw Oo Pagoda, Inlay region, Nyaungshwe Township, inspects progress in repairing religious buildings damaged by Mandalay earthquake



General Ye Win Oo hears reports on progress in repairing religious buildings damaged by the Mandalay earthquake.

**Nay Pyi Taw May 18**

Commander-in-Chief of Defence Services General Ye Win Oo accompanied by wife, Daw Nilar, senior military officers from Office of Commander-in-Chief and wives, the Eastern Command commander and officials, paid homage to the Buddha Images in the Yadana Sankyaung of Inlay Phaungdaw Oo Pagoda in Inlay region, Nyaungshwe Township, this afternoon and inspected the progress in repairing the religious buildings damaged by the Mandalay earthquake.

First, General Ye Win Oo and party offered flowers, water, gold robes and paid homage to the five Buddha Images of the pagoda. They presented cash donations for all-round renovation of the pagoda through members of the Pagoda Board of Trustees, who in return presented Dhamma gifts. The General and party then proceeded to Sein Nae Mya monastery on the pagoda platform and paid respects and presented offertories to the principal Sayadaw, Bhaddanta Vijaya.

At the briefing hall, the General and party heard a report on progress in implementing the directives given by the Head of State, damage caused by the earthquake and progress in conducting repair, presented by officials. The General fulfilled the needs through coordinated measures.

The General and party looked around the fractured sun-resistant tiles and collapsed archways, stairs, the hall where Karaweik Barge is kept, and other religious structures that were restored according to their original designs and looked into the requirements through involvement of relevant officials.

Some of the religious structures located on the platform of the pagoda were damaged by the Mandalay earthquake jolted on 28 March 2025. Efforts were made to renovate the damaged structures in accord with the original designs after coordinating with local engineers and organizations and experts of Myanmar Engineering Association. Up to now, sun-resistant tile laying on the Pagoda platform is completed100 percent, the work of buttressing the foundation of the original building of the pagoda with reinforced concrete, 100 percent, renovation of the archways and stairways on the east, west, north and south of the original Sankyaung, 100 percent, renovation of Karaweik Hall, 100 percent, building of a new stairway in the place of the slightly steep old stairway at the northern archway where Buddha Images are conveyed for public obeisance, 80 percent. Pilgrims are now paying homage to the pagoda safely and with peace of mind. 100

# Commander-in-Chief of Defence Services General Ye Win Oo visits patients at military hospital in Aungban

**Nay Pyi Taw May 18**

Commander-in-Chief of Defence Services General Ye Win Oo accompanied by wife, Daw Nilar, senior military officers from Office of Commander-in-Chief and wives, the Eastern Command commander and officials, gave words of encouragement to officers, other ranks and families, and members of the local people's militia, who were receiving medical treatment at the local military hospital in Aungban, Shan State (South) this morning.

On arrival at the hospital, General Ye Win Oo and party were welcomed by the hospital commandant, military specialist physicians, medics and officials.

The General and party cordially asked about the illness, medical treatment, and health improvement of the patients individually and gave comforting words to them. They also presented food for the patients.

Likewise, Daw Nilar and party visited the maternal and child care ward, gave words of encouragement to them and presented food. 100

General Ye Win Oo presents a gift to a patient at the military hospital in Aungban.



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၅၂၂၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၅၂၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၅၂၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲစင်းငုံ ၃၅၂၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးခုံးမပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်းက ငါးခုံးမပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်း ငါးခုံးမပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငါးခုံးမပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အခု အခြားဒေသတွေထက် ငါးခုံးမကို ရန်ကုန်ဈေးကွက်ကို အရင်ထက် ပိုမိုတင်ပို့အားကောင်းနေပါတယ်။ ပြည်တွင်း ငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးခုံးမပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိပေါက်နေတဲ့ ငါးဈေးက အရောင်းအဝယ် လုပ်သူတွေ အတွက်အဆင်ပြေတဲ့ ဈေးနှုန်း ဖြစ်ပါတယ်။ ငါးခုံးမတစ်ပိဿာကို ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ငါးများတင်ပို့ရောင်းချလာရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ငါးမွေးမြူရေး လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် ဆားဆိုင်မွတ်ကျေးရွာနှင့် သမင်ခြံကျေးရွာတို့၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို မေ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဆားဆိုင်မွတ်ကျေးရွာ၌ အလျား ပေ ၁၄၀၊ အနံ ၁၂၅ ပေ၊ အနက် လေးပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် သမင်ခြံကျေးရွာ၌ အလျား ပေ ၁၃၀၊ အနံ ပေ ၉၀၊ အနက် လေးပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆားဆိုင်မွတ်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉ ဒသမ ၀၂ သန်းဖြင့် လည်းကောင်း၊ သမင်ခြံကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂ ဒသမ ၅၃ သန်းဖြင့် လည်းကောင်း ဧပြီလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အထွေး**




# တောင်ကြီးမြို့နယ် ပုံပအိုဝ့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**တောင်ကြီး မေ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ပုံပအိုဝ့်ကျေးရွာ၌ မိသားစုဝင်ငွေ တိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို မေ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ပုံပအိုဝ့်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်နိုင်စေရန်နှင့် စီမံကိန်းမှ ရရှိလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပုံပအိုဝ့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းထံမှ သိရသည်။

**ချိုသန်းညွန့်**






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လက်ခံရယူစဉ်။

ရှေ့ဖုံးမှအဆက်

## တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်မှသာ တိုက်ပွဲကိုအောင်မြင်နိုင်မည်ဖြစ်၍ စွမ်းရည်ရှိအောင် ကိုယ်စီတစ်ဦးချင်းမှစ၍ လေ့ကျင့်နေရန်လို၊ ပြောင်းလဲလာသော ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၊လေ့ကျင့်နေရန်လို၊ ယနေ့ကမ္ဘာတွင်ဖြစ်ပေါ်နေသော စစ်ပွဲများ၏သုံးစွဲနေသော လက်နက်များနှင့် နည်းပညာများကိုလည်း အမြဲလေ့လာသုံးသပ်နေရန်လို . . .

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်နှင့် ပြည်သူကိုသွေးခွဲရန် နည်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ အချို့ဝန်ထမ်းများသည်လည်း နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲကွဲပြားပြားသိမြင်မှုမရှိဘဲ နားယောင်၍ DCS လုပ်ဆောင်ခဲ့သဖြင့် ခက်ခဲမှုများစွာဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့်ပြည်သူ၏ ညီညွတ်သောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ကာ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူ၏ နေအိမ်များကို ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ချင်းပြည်နယ်၊ ဖလမ်းဒေသတစ်ဝိုက်ကို ယာယီစိုးမိုး၍ ပြည်သူအပေါ် အနိုင်ကျင့်စော်ကားလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူများကို ချေမှုန်းသုတ်သင်၍ အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်ပြည်သူလက်တွဲကာဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ်ဆက်သွယ်ရေးလမ်းကြောင်းနှင့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်- မော်လူး- မိုးညှင်း- မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ကာ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် လမ်းတံတားများကိုလည်း ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်၏ ထိရောက်သောစစ်ဆင်ရေးဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူလူထုအနေဖြင့် သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲဂုဏ်ယူကြိုဆိုကြသကဲ့သို့ ပြည်သူလူထု၏ယုံကြည်အားကိုးမှုကိုလည်း ရရှိလျက်ရှိကြောင်း၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ပြည်သူကိုကာကွယ်စောင့်ရှောက်မည်ဟူသော ခိုင်မာသည့်သစ္စာတရား၏ အကျိုးကျေးဇူးကို ပြန်လည်ခံစားရခြင်းပင်ဖြစ်ကြောင်း၊ တိုက်ပွဲများတွင် စွမ်းစွမ်းတမံဖြင့် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ တပ်မတော်အတွက် ထူးကဲစွာစွမ်းဆောင်နိုင်သူများကိုလည်း အသိအမှတ်ပြုဂုဏ်ပြုပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် ၂၄ နာရီတာဝန်ရှိသည့်ခိုင်မာသောအဖွဲ့အစည်းဖြစ်ကာ အထက်အောက်လေးစား၍ အမိန့်နာခံမှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သေအတူယှဉ်မကွာသော သံယောဇဉ်တရားဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ နေ့စဉ်လုပ်ဆောင်နေသောသမားစဉ်လုပ်ငန်းများသည် လေ့ကျင့်နေမှုပင်ဖြစ်၍ အားလုံးတစ်စုတစ်စည်းတည်း လိုက်ပါဆောင်ရွက်ခြင်းဖြင့်စည်းလုံးညီညွတ်မှုကိုရရှိစေကြောင်း၊ **တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်မှသာ တိုက်ပွဲကိုအောင်မြင်နိုင်မည်ဖြစ်၍ စွမ်းရည်ရှိအောင် ကိုယ်စီတစ်ဦးချင်းမှစ၍ လေ့ကျင့်နေရန်လိုကြောင်း၊ တိုက်စွမ်းအားကောင်းမွန်ရန် နိုင်ငံတော်နှင့် တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊** ထို့ပြင် **ပြောင်းလဲလာသော ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၊လေ့ကျင့်နေရန်လိုကြောင်း၊ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော စစ်ပွဲများ၏သုံးစွဲနေသော လက်နက်များနှင့် နည်းပညာများကိုလည်း အမြဲလေ့လာသုံးသပ်နေရန်လိုကြောင်း။**

အသိပညာအတတ်ပညာရှိရန် အတန်းပညာနှင့် စာဖတ်ခြင်းကို ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ပစာပေများဖတ်ရှုလေ့လာနိုင်ရန်လည်း တပ်ရင်း၊ တပ်ဖွဲ့များရှိ စာကြည့်တိုက်များကို စာကောင်းပေမွန်များ အမြဲဖြည့်ဆည်းပေးနေရန် လိုကြောင်း၊ စာများများဖတ်ရှုလေ့လာမှသာ အသိပညာဗဟုသုတများရရှိလာမည်ဖြစ်ပြီး အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်းဆောင်ရွက်ပေးလျက်ကြောင်း၊ မိမိတို့၏သားသမီးများစဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားရန်၊တပ်မတော်သားများ၏ သားသမီးအားလုံးကို နှစ်စဉ်တန်းစဉ်ကူးပြောင်းမှုတွင်ပါဝင်နိုင်ရေးနှင့် အနည်းဆုံး KG+9 အဆင့်ထိ တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်မှုအပိုင်းတွင် တပ်မှူးများသည် ဖခင်ကောင်းစိတ်ဓာတ်၊ ခေါင်းဆောင်ကောင်းစိတ်ဓာတ်ဖြင့် အုပ်ချုပ်သကဲ့သို့ တပ်မှူးများ၏ဇနီးများသည်လည်း မိခင်သဖွယ်စိတ်ဓာတ်ဖြင့် ထိန်းကျောင်းပေးရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုကောင်းမွန်ရန် အထက်အောက်ဆက်ဆံရေးကောင်းမွန်နေရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးမှုတည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကိုဖြစ်ပေါ်စေကြောင်း၊ အုပ်ချုပ်မှုကောင်းမွန်ရန် မျက်နှာလိုက်ခြင်း ကင်းမဲ့သော၊ ကျောသားရင်သား မခွဲခြားသောစိတ်ဓာတ်တို့ဖြင့် မျှတစွာစီမံဆောင်ရွက်ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်မှူးများအနေဖြင့် မိမိတပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ရပိုင်ခွင့်များကို အချိန်မီနှင့် ပြည့်ဝစွာရရှိအောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မှူးများသည် မိမိတပ်အပေါ်အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့်တရားစီရင်ရေးအရ အခွင့်အာဏာအပ်နှင်းခံထားရသူများဖြစ်၍ အမြော်အမြင်ကြီးမားပြီး စိတ်သဘောထားပြည့်ဝနေရန်လိုကြောင်း။

**ကလောဒေသသည် ရာသီဥတုအရ သာယာကောင်းမွန်ပြီး ရေခံမြေခံကောင်းမွန်သောဒေသဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသည် လက်တွေ့အကျိုးကိုခံစားရသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထား လုပ်ဆောင်ကြရန်မှာကြားလို**ကြောင်း၊ ထိရောက်အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း အထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်ကာ ပိုလျှံသောကုန်ပစ္စည်းများကို တပ်နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ပါက လက်တွေ့ပါသော စည်းရုံးရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိဒေသအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

စိတ်ဓာတ်သည် စည်းကမ်းနှင့်ဆက်စပ်လျက်ရှိပြီး ကိုယ်တိုင်စိတ်ဓာတ်မြင့်မားအောင် တည်ဆောက်ရန်လိုကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းသည် ပြုပြင်တည်ဆောက်၍ရသော အရာများဖြစ်၍ ကိုယ်တိုင်လည်း စိတ်ဓာတ်မြင့်မားအောင် ကျင့်ကြံသကဲ့သို့ မိမိအဖွဲ့အစည်းကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း၊ သဘောကောင်းမှုနှင့် စေတနာကောင်းမှုသည်မတူညီကြောင်း၊ ပြောဆိုဆုံးမပဲ့ပြင်မှုသည်စေတနာကောင်းမွန်မှုကိုအခြေခံခြင်းဖြစ်၍ စည်းကမ်းဖောက်ဖျက်မှုနှင့်ပတ်သက်ပါက အသေးအဖွဲ့မှစ၍ လျစ်လျူမရှုရန်လိုကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာကြရန်လိုကြောင်း၊ မလိုလားအပ်သော အပျော်အပါး၊ မူးယစ်ဆေးဝါး၊ လောင်းကစားအပါအဝင်ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးရှုပ်ထွေးမှုများသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပျက်ပြားစေကြောင်း၊ အလားတူ လူမှုရေးရှုပ်ထွေးမှုသည်လည်း ခွင့်လွှတ်၍မရသောကိစ္စရပ်များဖြစ်ကြောင်း။

ပေးအပ်သော လုပ်ငန်းတာဝန်များနှင့် မိသားစုအပေါ် တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရန်လိုကြောင်း၊ ကျန်းမာရေးမကောင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေးစသည်တို့ကို ထိခိုက်ပျက်ပြားစေကြောင်း၊ နေ့စဉ်ဆောင်ရွက်နေသည့်လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ အရေးကြီးပြီး ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ်ပါဝင်လုပ်ဆောင်သွားကြရန် လိုကြောင်း၊ ကျန်းမာရေးသည် မိမိကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် ကျန်းမာကြံ့ခိုင်အောင် စနစ်တကျနေထိုင်စားသောက်ရန်လိုကြောင်း။

ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များတွင် ရဲရဲဝံ့ဝံ့ဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြကြောင်း၊ စွန့်လွှတ်စွန့်စားစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများကို တစ်ဆင့်မြင့်ရာထူးများချီးမြှင့်ခြင်း၊ စွမ်းရည်သတ္တိဆိုင်ရာဆုတံဆိပ်များချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းပီသစွာနိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ၎င်းတို့၏သဘောဆန္ဒအလျောက် ဆက်လက်ဆန္ဒပြုကြသူများလည်းများစွာရှိသဖြင့် ၎င်းတို့ကို ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ပေးရန်လိုကြောင်း၊ အလားတူတပ်မတော်၏ အရန်အင်အားများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် တပ်မတော်သားများနှင့် လက်တွဲကာ လုံခြုံရေးတာဝန်များကို တာဝန်သိသိဖြင့် ထမ်းဆောင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ၎င်းတို့မိသားစုဝင်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရန်လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများ အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးစဉ်။

ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစွာရှင်းလင်းဆောင်တွင် တိုင်းမှူးက နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူ

**ကလောဒေသသည် ရာသီဥတုအရ သာယာကောင်းမွန်ပြီး ရေခံမြေခံကောင်းမွန်သော ဒေသဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်၊ စိုက်ပျိုးမွေးမြူရေးသည် လက်တွေ့အကျိုးကိုခံစားရသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရန်မှာကြားလို . . .**

ရေးစခန်းဆိုင်ရာအချက်အလက်များ၊စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စပါး၊ နေကြာ၊ တစ်သျှူးငှက်ပျော၊ DYL ဝက်၊ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ အသားတိုးကြက်၊ ဥစားဘဲ၊ငါးများနှင့် ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးခြင်းဖြစ်သဖြင့် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ ပိုလျှံသော စားသောက်ကုန်ပစ္စည်းများကို ဒေသအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို အမှန်တကယ် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေးစီမံဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်ပါဝင်စားသူများနှင့် အမှန်တကယ်ကျွမ်းကျင်သူများကိုတာဝန်ပေးပြီး ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၈**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို သွားရောက် ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့် ကလေးကုသဆောင်ရှိ လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး



ဖောင်တော်ဦးဘုရားရုပ်ပွားတော်မြတ် ငါးဆူအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။



အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မေ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရားရုပ်ပွားတော်မြတ်ငါးဆူအား ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကန်တော့ပြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရင်ပြင်တော်ရှိ စိန်နှင့်မြကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များကို ရှင်းလင်းဆောင်၍ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော်ထားရှိရာအဆောင်နှင့် အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများကို မူလလက်ရာမပျက် ပြန်လည်ပြုပြင်ထားရှိမှုများ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားကိန်းဝပ်သီတင်းသုံးတော်မူရာ ရင်ပြင်တော်ရှိ သာသနိကအဆောက်အအုံအချို့သည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါပျက်စီးခဲ့မှုများကို နယ်မြေခံပြည်နယ်အင်ဂျင်နီယာများနှင့် အဖွဲ့များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ရာမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရား မူလကျောင်းဆောင် အောက်ခြေသံကူကွန်ကရစ်ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော် အရှေ့ဘက်၊ အနောက်ဘက်မုခ်ဦးစောင်းတန်းလှေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတောင်ဘက်မုခ်လှေကားနှင့် မြောက်ဘက်အာရုံခံတန်ဆောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက်အဆောင် ၁၀၀ ရာခိုင်နှုန်း၊ မြောက်ဘက်မုခ်ရှိ လှေကားအနေဖြင့် အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ် မတ်စောက်သည့်အတွက် လှေကားအသစ်ပြန်လည်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မန္တလေးငလျင်ဒဏ်ကြောင့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများ မူလလက်ရာမပျက် ပြန်လည်ပြုပြင်ထားရှိမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်ထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူများကို သုံးလပတ် နှစ်ကြိမ် ခြောက်လစာ ထောက်ပံ့သွားမည် ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၄၃/၂၀၂၆)
၁၃၈၈ ခုနှစ် နယုန်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ် မေလ ၁၈ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃၂/၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို ယှဉ်တွဲပါအတိုင်းအစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၂၇၇၀<br>ဗိုလ်မှူးချုပ် ညီညီအောင် | အစား | ကြည်း ၂၆၁၆၇<br>ဗိုလ်မှူးချုပ် ကျော်လင်းအောင် |
| (ခ) | ကြည်း ၃၄၁၆၅<br>ဗိုလ်မှူးကြီး မြင့်ကို | အစား | ကြည်း ၂၇၄၇၂<br>ဗိုလ်မှူးကြီး မျိုးမြင့်အောင် |
| (ဂ) | ကြည်း ၂၈၄၅၁<br>ဒုတိယဗိုလ်မှူးကြီး အောင်နီ | အစား | ကြည်း ၂၇၉၂၉<br>ဗိုလ်မှူးကြီး ဇော်မြင့်ဦး |
| (ဃ) | ကြည်း ၂၅၂၉၅<br>ဗိုလ်မှူး ဇော်ဇော်မိုး | အစား | လေ ၂၀၈၄<br>ဗိုလ်မှူးကြီး အောင်မျိုးကျော် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၄၄/၂၀၂၆)
၁၃၈၈ ခုနှစ် နယုန်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ် မေလ ၁၈ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃၅/၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးကို ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(က) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၃၂၂<br>ဗိုလ်ကြီး ဝဏ္ဏနိုင် | အစား | ကြည်း ၃၈၂၈၉<br>ဗိုလ်မှူး မင်းသုခလှိုင် |

(ခ) **ရခိုင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၇၄၁၆၉<br>ဗိုလ်ကြီး လွင်အောင်မြတ် | အစား | ကြည်း ၅၃၇၆၄<br>ဗိုလ်ကြီး မျိုးညွန့် |

(ဂ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၂၇၆<br>ဗိုလ်ကြီး ဝဏ္ဏစိန်မြင့် | အစား | ကြည်း ၅၃၈၈၄<br>ဗိုလ်ကြီး ကျော်သူနိုင် |

(ဃ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၉၆၇၃<br>ဗိုလ်မှူး အောင်ဇော်ထိုက် | အစား | ကြည်း ၄၅၀၄၉<br>ဗိုလ်မှူး ဇာနည်စိုး |


(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၆ ခုနှစ် မေ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ၁၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် မေ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့၌ မေ ၁၃ ရက်မှ ၁၇ ရက်ထိ ကျင်းပသည့် ၁၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

မေ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Roman Chekushov နှင့်တွေ့ဆုံ၍ အမှတ်(၁) သံမဏိစက်ရုံ(ပင်းပက်)ဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် MSME ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် Tyazhpromexport Co., Ltd.(TPE) နှင့်တွေ့ဆုံပြီး အမှတ်(၁) သံမဏိစက်ရုံ (ပင်းပက်)နှင့်စပ်လျဉ်းသည့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မေ ၁၄ ရက် နံနက်ပိုင်းတွင် ၁၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်နှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ပြီး ကာဇန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြခန်း (Kazan Expo International Exhibition Center)တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခေတ် ကုန်ဆုံးချိန်တွင် စီးပွားရေးလုပ်ငန်း လွတ်လပ်မှုနှင့် နည်းပညာဆိုင်ရာ အချုပ်အခြာအာဏာကို သေချာစေခြင်း ( Ensuring Freedom of Economic Activity and Technology Sovereignty in the Context of the end of the era of Globalization) ဆွေးနွေးပွဲသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အစ္စလာမ်မစ် နိုင်ငံများတွင် ရုရှားထုတ်ကုန်များကို မြှင့်တင်ခြင်း (Promotion of Russian Product in the Countries of the Islamic World) ဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် တာတာစတန်ပြည်နယ် အကြီးအကဲ Mr. Rustam Minnikhanov နှင့်တွေ့ဆုံ၍ တာတာစတန်ပြည်နယ်သည် ရေနံဓာတုလုပ်ငန်း၊ Mechanical Engineering IT၊ စိုက်ပျိုးရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု၊ ရုရှားနှင့် မြန်မာကြားရှိ ဆက်ဆံရေးကိုအခြေခံ၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ Dr. Kz Rais ၏ ၂၀၂၂ ခုနှစ်၌ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များ၊ ကုန်သွယ်ရေးနှင့် Alabuga Sez သို့ လုပ်သားစေလွှတ်ရေး၊ LoI နှစ်စောင် လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ လုပ်သားများ အချိန်မီစေလွှတ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မေ ၁၅ ရက်တွင် အိုမန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး ရေနံထွက်ကုန်များ၊ LNG တင်သွင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာလယ်ယာထွက်ကုန်ဆန်၊ သရက်သီး၊ ကော်ဖီ၊ ပဲမျိုးစုံ တင်ပို့နိုင်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Sber Bank ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ Gigachal AI တည်ဆောက်ထားသော AI CyberSecurity ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

မေ ၁၆ ရက် ညပိုင်းတွင် ကာဇန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး Mr. Rustam Khusainovich က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မေ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်ဂုဏ်ပြုပေးအပ်ချီးမြှင့်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီး ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနား အသီးသီးသို့ တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံကာ နိုင်ငံ့သားကောင်း စစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော် အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်း အချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်း ရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

စာမျက်နှာ ၂၁ သို့




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

"ကျွန်တော်တို့ အနေနဲ့ကတော့ တပ်အထိုင်ပါပဲ။ နောက်ချန်အင်အားအနေနဲ့ တာဝန်ယူပေးရတဲ့နေရာမှာနေရတယ်။ ရှေ့တန်းစစ်ဆင်ရေးထွက်နေသူတွေအတွက် စားနပ်ရိက္ခာတို့၊ လက်နက်ခဲယမ်းတို့ကအစ လိုလေသေးမရှိ အစစအရာရာပို့ပေးတဲ့နေရာကနေ တာဝန်ယူပေးရတယ်။ အတွေ့အကြုံကတော့ အသက်အန္တရာယ်ကြားထဲကလဲ အကောင်းဆုံးဖြတ်ကျော်ခဲ့ရတယ်။ အခက်အခဲလဲ မြောက်မြားစွာရှိတယ်။ ဒါပေမဲ့ စိတ်ဓာတ်မကျဘဲနဲ့ ဆက်လျှောက်သင့်တယ်လို့တော့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီမြေမှာကြီးပြီး ဒီရေကိုသောက်ပြီးတော့ လူငယ်တစ်ယောက် အနေနဲ့တော့ အကောင်းအဆိုး ခွဲခြားပြီးတော့ သုံးသပ်သင့်တယ်လို့ ဘာပဲလုပ်လုပ်ပေါ့။ လူငယ်တစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို တာဝန်ကျေပွန်စွာနဲ့ ထမ်းဆောင်နိုင်ခဲ့ပြီလို့တော့ ထင်ပါတယ်။ ကျွန်တော်တို့ ဒီလိုနှစ်ပြည့်တဲ့ အချိန်မှာ အတိအကျပြန်ခေါ်ပေးပြီးတော့ ဆုတံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက်လဲ အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်ကတော့ တက္ကသိုလ် လေ့ကျင့်ရေးတပ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတစ်ယောက်ပါ။ အတွေ့အကြုံအနေနဲ့ကတော့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရတာတွေ ကြုံတွေ့ခဲ့ရတာတွေအများကြီးပဲပေါ့။ ကျွန်တော်တို့ အများကြီးသိခဲ့ရတာပေါ့။ အများကြီး စည်းစနစ်ကျသွားတယ်။ ကျွန်တော်တို့က အချိန်နဲ့တစ်ပြေးညီ လုပ်ကိုင်တတ်သွားတာတွေ အရေးကြီးရင်ကြီးသလို အလျင်လိုရင်လိုသလို အမြန်ဆုံးပြောင်းလဲရတာတွေ၊ ရှင်သန်ရတာတွေ အဲဒီလိုအများကြီး ကွာခြားသွားပါတယ်။ ကိုယ့်ဘဝအတွက်တော့ အများကြီးအဓိပ္ပာယ်ရှိပါတယ်။ ပြည်သူ့စစ်မှုထမ်းတံဆိပ်ကို ကျွန်တော်တို့အနေနဲ့ လွယ်လွယ်ကူကူ ရရှိခဲ့တာမဟုတ်ပါဘူး။ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ပြီးမှ ရရှိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လဲ ဂုဏ်ယူမိပါတယ်။ အိုးစားဖက်တွေအတွက်လဲ ဂုဏ်ယူမိပါတယ်။ အချိန်ကာလတစ်ခုအထိ အတူတူစား၊ အတူတူသွားခဲ့တဲ့အတွက် သူတို့အတွက်လဲ အများကြီး ဝမ်းနည်းဝမ်းသာဖြစ်မိပါတယ်"ဟု ပြောသည်။ (ဖဝ)






## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သစ်အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများထုတ်ချေးမည့် အစီအစဉ်တို့အား တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မိုးရာသီချေးငွေကာလမှစတင်၍ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည်ဖြစ်ရာ သီးနှံအမျိုးအစားအလိုက် တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား၊ ချေးငွေအတိုးနှုန်း၊ စတင်ထုတ်ချေးမည့်ကာလသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ထုတ်ချေးမည့်ချေးငွေနှုန်းထား**

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေ နှုန်းထား | တိုးမြှင့်ထုတ်ချေးမည့် နှုန်းထား |
|---|---|---|---|
| (၁) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ |
| (၂) | အခြားသီးနှံ(၁၈)မျိုး | ကျပ် ၁၀၀,၀၀၀ | ကျပ် ၂၅၀,၀၀၀ |
| (၃) | ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် | ကျပ် ၁၀၀,၀၀၀ | ကျပ် ၁၅၀,၀၀၀ |

(ခ) **ချေးငွေအမျိုးအစားနှင့်ထုတ်ချေးကာလ**

| စဉ် | ချေးငွေအမျိုးအစား | ထုတ်ချေးကာလ |
|---|---|---|
| (၁) | မိုးချေးငွေ | ၂၀၂၆ ခုနှစ်၊ မေလမှ စက်တင်ဘာလကုန်အထိ၊ |
| (၂) | ဆောင်းချေးငွေ | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ၊ |
| (၃) | မိုးကြိုချေးငွေ | ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လကုန်အထိ၊ |

(ဂ) **ချေးငွေအတိုးနှုန်း** - (၁)နှစ်လျှင် ၅%၊

(ဃ) **စတင်ထုတ်ချေးမည့်ရက်** - ၁၂-၅-၂၀၂၆ (၂၀၂၆ ခုနှစ်၊မေလ ၁၂ ရက်)၊

(င) **အာမခံ(အပေါင်)ရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်း။

၃။ လယ်ယာသုံးစက်ကိရိယာချေးငွေဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ချေးငွေပမာဏ** - ကျပ်သိန်း ၁၀၀မှ ကျပ်သိန်း ၃၀၀၀အထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၁မှ ကျပ်သိန်း ၅၀၀၀အထိ တစ်ကဏ္ဍ၊

(ခ) **အတိုးနှုန်း** - (၁)နှစ်လျှင် ၆%၊

(ဂ) **ချေးငွေသက်တမ်း** - နှစ်ချင်းဆပ် (၁)နှစ်၊ နှစ်တို (၃)နှစ်၊ နှစ်ရှည် (၅)နှစ်၊

(ဃ) **ချေးငွေလျှောက်ထားရယူနိုင်သူများ** - တောင်သူလယ်သမားများ၊ လယ်ယာကုန်ထုတ်လုပ်ငန်းရှင်များ၊

(င) **ထုတ်ချေးနိုင်သည့်လယ်ယာသုံးစက်ကိရိယာများ** - လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ရေစုပ် / ရေတင်စက်၊ ဆိုလာရေတင်စက်၊ မျိုးစေ့ချစက်၊ လယ်ထွန်စက်အသေး၊ ရိတ်ခြွေစက်အသေး၊ ပဲခွဲစက်၊ ကောက်စိုက်စက်၊ အခြောက်ခံစက် (Dryer)၊ သိုလှောင်ရုံ (Silo)၊ ဆန်စက် အစရှိသည့် စက်ကိရိယာများ၊

(စ) **အာမခံရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မြေ၊ ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ (လန-၃၉)မြေနှင့်ယင်းမြေပေါ်တွင်တည်ရှိသည့် အဆောက်အဦများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်များ၊ အခြားပုံသေရပိုင်ခွင့်များ [အာမခံလုံလောက်ပါက စက်ကိရိယာ (၁) မျိုးထက်ပို၍ ဝယ်ယူနိုင်ပါသည်]၊

(ဆ) **ဦးစားပေးမှု** - တောင်သူလယ်သမားများ၊ သမဝါယမအသင်းဝင်များ၊

(ဇ) **စတင်ထုတ်ချေးမည့်ကာလ** - ၂၀၂၆ ခုနှစ်၊ မေလမှ စတင်ထုတ်ချေးမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း (Agro-based Industry) တည်ဆောက်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာခရိုင်/မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် လေးစားစွာဖြင့် ထပ်မံအသိပေးကြေညာအပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများကျင်းပ



အခြေခံလေကြောင်းလူငယ်သင်တန်းသားများ RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။



တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများ အခြေခံစစ်ရေးပြ(လက်နက်ပါ) ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။

**နေပြည်တော် မေ ၁၈**

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် လေ့ကျင့်သင်ကြားလျက်ရှိရာ မေ ၁၇ ရက်တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ စုံလင်စွာရောက်ရှိကြသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းစခန်းပေါင်းစုံမှ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၀၄၄ ဦးသည် ယနေ့နံနက်ပိုင်းတွင် အခြေခံစစ်ရေးပြ (လက်နက်မဲ့၊ လက်နက်ပါ) ပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Flight Simulator နှင့် RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲများကိုလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူ နည်းပြများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ သမိုင်းဝင်စစ်ရေယာဉ်(မေယု)ကို ကြည့်ရှုလေ့လာစဉ်။



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ သင်ထောက်ကူပစ္စည်းခန်းကို လေ့လာစဉ်။

**❍ ရေကြောင်းလူငယ်မှအဆက်**

သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ် လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ) သမိုင်းမှတ်တမ်း ကိုပြသသည်။ ၎င်းနောက် စာသင်ဆောင်ရှိ သင်ထောက်ကူပစ္စည်းခန်းများကို လေ့လာခြင်း၊ Damage Control Simulator(Zarmani)၊ Ship Handling Simulator၊ Engine Room Simulator၊ Small Arm Simulator များကို လေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ် (မေယု)ကို သွားရောက်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြသကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် နယ်မြေခံရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိခဲ့ကြပြီး ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွန်းတင်ပြင်ဆင်လျက်ရှိသောရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများနှင့် စိတ်ဓာတ်မြှင့်တင်ရေးခန်းမသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှစ်စီးဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးသွားရောက်ကြရာ လေ့လာရေးခရီးစဉ်အတွင်း စစ်ရေယာဉ်များ၏ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့်လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ကျောင်းသူများ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
   (က) လုံးဝမမြင်သူများ
   ( ခ ) အနည်းငယ်မြင်သူများ(အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
   ( ဂ ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ
၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၃။ အသက် ခြောက်နှစ်မှ ၁၈ နှစ်အတွင်းရှိသူဖြစ်ရမည်။
၄။ အမြင်အာရုံ မသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူရှိရမည်။
၆။ အိမ်ထောင်မရှိဖူးသူ (လူပျို၊ အပျို)ဖြစ်ရမည်။
၇။ ကျား၊ မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စပို့ဓာတ်ပုံလေးပုံ၊ မွေးစာရင်းမူရင်းနှင့် မိတ္တူ
၂။ မိဘ နှစ်ဦး မှတ်ပုံတင်မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယားမူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း အမှတ်(၁၃၂) ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း အမှတ်(၆/၂၈) မြို့သစ်ရပ်ကွက် မရှိခဏဘုရားအနီး စစ်ကိုင်းမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား၊ ကျောင်းသူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်း- ၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း- ၀၉-၂၅၇၃၃၈၄၇၉၊ ၀၉-၄၂၀၁၃၈၆၆၁ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၁၇၃၊ ၀၉-၂၅၉၂၀၉၄၂၈ တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **လူမှုဝန်ထမ်းဦးစီးဌာန**

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

၁၉၄၁ ခုနှစ် ဧပြီ ၁ ရက် (၁၃၀၂ ခုနှစ် ဦးတန်ခူးလဆန်း ၆ ရက်) မတိုင်မီ မွေးဖွားခဲ့သည့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူများကို သုံးလပတ် နှစ်ကြိမ် ခြောက်လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများကို မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ၁၈-၅-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၁ ~ ၃၆၆၈ | ၅၅၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၂၆၅,၃၇၀.၄၈ | ၁၄,၉၉၅,၅၀၈.၀၉ | ၄၇,၂၀၉,၁၉၉.၀၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၁၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၆ (မွန်)၊ ၃/၂၀၂၆ (ရန်ကုန်)၊ ၄/၂၀၂၆(ဧရာဝတီ)၊ ၅/၂၀၂၆ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၅ (မန္တလေး)၊ ၅၆/၂၀၂၅(ဧရာဝတီ)၊ ၆/၂၀၂၆(ရန်ကုန်)၊ ၇/၂၀၂၆ (ကချင်)၊ ၁၅/၂၀၂၆ (ကရင်) စုစုပေါင်း တရားမအထူးအယူခံမှုငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ကလေးငယ်များရဲ့ အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံအဖွဲ့အစည်း”** ခေါင်းစဉ်ဖြင့် ၂၀-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၇-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ဓားပြတိုက်၊ ဆက်ကြေးကောက်၊ အလျှုခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၁၈ - ၅ - ၂၀၂၆)

| | | |
|---|---|---|
| ချောက် | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၀ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၉ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၅/၂၀၂၆ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့သို့ ချီးမြှင့်ငွေနှင့် ဆန်အိတ်များ ပေးအပ်စဉ်။

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၅/၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယကတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ချီးမြှင့်ငွေနှင့်ဆန်အိတ်များ ပေးအပ်ရာ ၎င်းတို့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး(စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းမှူးက ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့



တာဝန်ရှိသူများက တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေး ဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု အပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၈ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၄၇၀ တို့ကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ)


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၂၆၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

မြောင် မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၂၆၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၂၆၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ဇွန်လပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ မြေပဲများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဇွန်လထဲမှာစိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး တို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးဖယ်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မအူပင် မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များစနစ်တကျစစ်ဆေးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ယခုနှစ်မတ်လအတွင်းက ငါးဖယ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငါးဖယ်ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ပြီးခဲ့တဲ့တစ်လအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချမှု ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးဖယ်ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က မေလထဲမှာပါ ငါးဖယ်တွေ မှာယူမှုကောင်းနေပါတယ်။ အခုလိုငါးဖယ်တွေ များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်" ဟု မအူပင်မြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ်တစ်ပိဿာလျှင် အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၁၈၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းဘူးမြို့နယ် သနပ္ပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ္ပင်စုကျေးရွာ၌ ၁၃ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သနပ္ပင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို ရန်ပုံငွေကျပ် ၅၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# မေတ္တာတရား လက်ကိုင်ထား

\- မေတ္တာကို လက်ကိုင်ထား
အမုန်းမပွား တို့တစ်တွေ၊
တစ်ဦးအပေါ် တစ်ဦးက
ဖေးမစို့လေ၊
ဖြူစင်ခြင်း အပြုံးများဝေ
ရိုးသားစေ အမုန်မနေး၊
အကြင်နာ ရင်မှာလွှမ်းလို့
အေးချမ်းစေလေး။

\- မေတ္တာကို အခြေခံပေး
ဝေဖန်တွေး အမှားအမှန်၊
ကောင်းရာကို တွေးကြံပြု
ရေးရှုရှင်သန်၊
အဆိုးအကောင်း လောကဓံ
ကြံ့ကြံ့ခံ ရင်ဆိုင်သွား၊
မကောင်းမှုကို အစွယ်ဖြတ်
ပယ်သတ်ရှောင်ရှား။

\- မေတ္တာကို စိုက်ထူသွားလို့
နှလုံးသား လှစေတကယ်၊
လူ့ဝန်းကျင် ပရအကျိုး
သယ်ပိုးကြမယ်၊
အမုန်းကင်း ချစ်ခြင်းဖလှယ်
အပြစ်ကင်းဖွယ် စိတ်ကိုမွေး၊
အဖိုးတန် လူသားအဖြစ်ကို
ထုဆစ်မယ်လေး။ ။

လမင်းခနဲ့(ပညာရေး)

# တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မေ ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို ရန်ပုံငွေကျပ် ၃၂၉ သိန်း ထုတ်ချေးပေးထားကြောင်း ဥတ္တရခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

သူသူ

# သိအောင်ပထမ ကြိုးစားရ

**ဇော်လေး**

**"ရိုးရှင်းပြီးအခြေခံကျတဲ့ ပုံသေနည်းတွေဟာ ယနေ့ထက်တိုင် ဘဝတစ်သက်တာ ကြိုးစားအားထုတ်မှုတွေရဲ့ အနှစ်သာရကို ကိုယ်စားပြုနေပါတယ်"**

**(ရေးသူအမည်မသိ)**

အောင်မြင်ရေးဆိုင်ရာ ဥပဒေသတွေ၊ နည်းနာနိသယတွေကို တစ်ခုမှ ကြားလဲမကြားဖူး၊ သိလဲမသိဖူးဘဲ ကိုယ့်အလုပ်အတွက် ကွက်ကွက်လေးပဲ တွေးမိတွေးရာကောင်းမယ်ထင်တာကို လျှောက်လုပ်နေကြတဲ့လူတွေကသာ အများစုပါ။ အဲဒီထဲမှာ စာရေးသူလဲ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။

ဘာမှမသိပေမယ့် ကိုယ့်စိတ်ကူးထဲ အကောင်းထင်ရာကို ကောက်လုပ်လိုက်တာပဲလေ။ ခံစားချက်နဲ့ရွေးချယ်တာ များပါတယ်။ ကြိုက်ရင်လုပ်တယ်။ မကြိုက်ရင်မလုပ်ဘူး။ ဘယ်နည်းလမ်းတွေ အခြားဘာတွေရှိသေးလဲ၊ ဘာမှရှည်ရှည်ဝေးဝေးရှာဖွေမနေပါဘူး။ နီးစပ်ရာလွယ်ကူရာကို လုပ်လိုက်မိတာပါပဲ။

ဒီတော့ အောင်မြင်ရော့လား။ မအောင်မြင်ပါဘူး။ မအောင်မြင်လဲ နောက်တစ်ခု သို့မဟုတ် နောက်တစ်မျိုး၊ ဒါမှမဟုတ် ဒါကိုပဲ နောက်တစ်ကြိမ်ထပ်လုပ်။ ဒီလိုနဲ့ပဲ လုံးချာလည်လိုက်ပြီး ဝိုင်းကြီးပတ်ပတ်ဒူဝေဝေကစားနေသလို အချိန်တွေကုန်၊ အသက်တွေကြီးလာ၊ ဒါနဲ့သာ ဝင်္ကပါထဲဝဲလှည့်နေကြတာ အဖော်တွေများလွန်းလို့ ပျော်စရာကြီးတောင်ဖြစ်နေပါရော။

ဘဝကတော့ ဘာမှမတိုးတက်လာပါဘူး။

စာဖတ်တဲ့အခါမှ ကန်းနေတဲ့မျက်စိက မြင်ရတော့တာကိုး။ စာရေးသူရဲ့ဘဝကို အိပ်ငိုက်နေရာက နှိုးလိုက်သလို ကိုင်လှုပ်ခဲ့သူကတော့ ဆရာကြီးပီမိုးနင်း(၁၈၈၃-၁၉၄၀)ရေးတဲ့ **ဘဝတိုက်ပွဲ**ဆိုတဲ့စာအုပ်လေးပါ။ တန်ဖိုးက ၁ ကျပ် ၂၅ ပြား။ တကယ်တမ်းတော့ ဘဝတစ်ခုလုံးကို ပြောင်းလဲနိုးကြားသွားအောင် ဆရာကြီးပီမိုးနင်းက မှော်ဆရာလိုပါပဲဗျာ ပြောင်းလဲစေခဲ့တော့တာပါပဲ။ အိပ်ရာစောစောထရမယ်။ အလုပ်ကို ဘာမဆိုသေသေချာချာလုပ်ရမယ်။ စေတနာပါပါလုပ်ကိုင်ရမယ်။ သူတစ်ပါးကို ကူညီလိုစိတ်ရှိရမယ်။ အကျိုးဆောင်ပေးချင်စိတ်ရှိရမယ်။ လူလူချင်း ချစ်ချစ်ခင်ခင်တိုင်တိုင်ပင်ပင် စိတ်ကောင်းစေတနာကောင်းနဲ့ ဆက်ဆံတတ်ရမယ်ဆိုတာတွေလဲပါရဲ့။ အဖေအမေက ချစ်လို့အလိုလိုက်ထားတာမို့ ပျော်သလိုနေတဲ့ မိမိဟာ ပြုပြင်ပြောင်းလဲသွားတာ သိသိသာသာပါပဲ။

နည်းမသိခင်ကသာ ခက်ခဲတာ၊ နည်းသိရင်တော့ ဘာမဆို လွယ်တာချည်းပါဗျာ။ ပီမိုးနင်းရေးတဲ့ ဝတ္ထုစာအုပ်တွေသာ ဘာမှမဖတ်ဖူးတာ၊ ပီမိုးနင်းရေးတဲ့ တက်ကျမ်းဆိုတဲ့ အရင်းမစိုက် လှေထိုးလိုက်၊ ယောက်ျားတံခွန်၊ ကြီးပွားရေး စတဲ့စာအုပ်ပါးပါးလေးတွေက ဘုရားပွဲဈေး၊ လမ်းဘေးမှာပုံရောင်းတဲ့ ဖျာပေါ်ခင်းရောင်းသူ စာအုပ်ဈေးသည်တွေဆီက အလွယ်တကူဝယ်လို့ရတာဗျ။ ဈေးကလဲ တစ်ကျပ်၊ တစ်ကျပ်ခွဲ။ စာရွက်သားကတော့ ညံ့တယ်။ အဖုံးပန်းချီသရုပ်ဖော်လဲ မသားနားဘူး။ ဒါပေမဲ့ စာသားက အနှစ်သာရရှိလှတယ်ဆိုပြီး ကြိုက်တယ်။ ဝယ်တယ်။ စာအုပ်စင်မှာတင်ထားပြီး သတိရတိုင်း ယူဖတ်တယ်။ ဖတ်တိုင်းအသိပညာတိုးတယ်။

အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ ပေါ်တူဂီ စတဲ့ အနောက်နိုင်ငံက ဥရောပတိုက်သားတွေဟာ အရှေ့အာရှကို ကုန်ကြမ်းလာဝယ်။ ကုန်ချောလာရောင်း၊ ကုန်သွယ်ရေကြောင်းနဲ့လာပြီး မတန်တဆအမြတ်ရနေတာကို လောဘမသတ်နိုင်ဘဲ စစ်သင်္ဘောတွေနဲ့ ပင်လယ်ဓားပြလုပ်နေကျနည်းအတိုင်း ကုန်သွယ်ရေးမှတစ်ဆင့် အရင်းရှင်နယ်ချဲ့အဖြစ် အိန္ဒိယ၊ တရုတ်အပါအဝင် အရှေ့တောင်အာရှနိုင်ငံများစွာ သူတို့တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြတယ်။ ကံသီလို့ ထိုင်းနိုင်ငံဘုရင်က အင်္ဂလိပ်စာတတ်တော့ နယ်ချဲ့မျက်နှာဖြူတွေလာသမျှကို ချော့မော့ပေါင်းတတ်ပေးတတ်တော့ နိုင်ငံသိမ်းပိုက်မခံခဲ့ရဘူး။

အနောက်နိုင်ငံ ဥရောပတိုက်သားမျက်နှာဖြူတွေက အထက်စီးနယ်ချဲ့အရင်းရှင်နိုင်ငံအဖြစ်မှ နယ်ချဲ့သိမ်းပိုက်အုပ်ချုပ်သူတွေ အလုအယက်ဖြစ်လာကြပြီး ဒေသခံအာရှတိုက်သားအားလုံးလိုလိုက သူ့ကျွန်ဘဝ(အအုပ်ချုပ်ခံ၊ ခေါင်းပုံဖြတ်ခံ)ကျရောက်သွားခဲ့ရတာ ဘာကြောင့်လဲ။

သူတို့က လက်နက်အင်အားသာတာကိုး။

သူတို့က ခနစီးပွား ပိုချမ်းသာကြတာကိုး။

သူတို့က စက်ရုံအလုပ်ရုံကြီးတွေနဲ့ ကုန်ထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်ရေးတွေ ပိုကောင်းနေခဲ့ကြတာကိုး။

အကယ်၍သာ လက်နက်မရှိရင်၊ ငွေကြေးခနမပြည့်စုံရင်၊ စက်မှုအတတ်ပညာမထွန်းကားရင်၊ ရေကြောင်းခရီးကုန်သွယ်မှုမပြုနိုင်ရင်၊ စီမံအုပ်ချုပ်တတ်တဲ့ ပညာအဆင့်အတန်းမရှိရင် သူတို့နဲ့ ဘယ်ယှဉ်ပြိုင်နိုင်မှာလဲ။

ကိုလိုနီလက်အောက်ခံနိုင်ငံဘဝသို့သာ ၁၈ ရာစု၊ ၁၉ ရာစု၊ ကျရောက်ခဲ့ကြရတာ အာရှတိုက်နိုင်ငံပေါင်းများစွာပါပဲ။ မြန်မာလည်း ဘုရင့်နိုင်ငံတော်ချုပ်ငြိမ်းပြီး ၁၈၈၅ ခုနှစ်မှာ တိုက်ခိုက်သိမ်းပိုက်ခံခဲ့ရပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ ၆၂ နှစ်နဲ့ သုံးရက်တိတိ ဗြိတိသျှလက်အောက်ခံ သူ့ကျွန်ဘဝကျရောက်ခဲ့ရတယ်။ သမိုင်းကို အကျယ်မပြောလိုပါဘူး။ ရင်နာလို့။

၁၈၂၄ ခုနှစ်ကစလို့ အင်္ဂလိပ်-မြန်မာစစ်ပွဲ နှစ်နှစ်ကြာတာနဲ့မပြီး ၁၈၈၅ ခုနှစ်ထိ ၆၂ နှစ်လုံးလုံး တတိတိနဲ့ စပါးကြီးမြွေသားကောင်မျိုသလို စစ်သုံးကြိမ်ဆင်နွှဲပြီး ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ခဲ့ရတာ။ သူများနိုင်ငံတွေ အနှစ် ၂၀၀၊ အနှစ် ၃၀၀ ကျွန်ဘဝကျခဲ့ကြရတာနဲ့စာရင် ၆၂ နှစ်လုံးလုံး ခုခံဆန့်ကျင်ပြီးမှ အားမတန်မာန်လျှော့ရတဲ့ ၆၂ နှစ်နဲ့ သုံးရက်သာ ကျွန်ဖြစ်ခဲ့တာ ဇာနည်မျိုးမို့ပဲ။

လွတ်လပ်ရေးဆိုတာ တိုင်းရင်းသားတွေရဲ့ ချွေးနဲ့သွေးနဲ့ရင်းပြီး ပြန်လည်တွန်းလှန်တိုက်ခိုက်မှ ပြန်ရခဲ့တဲ့အရာ။ လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံနဲ့ ထိုက်တန်တဲ့ ပညာဉာဏ်နဲ့လုပ်ရည်ကိုင်ရည် ကိုယ်စွမ်းဉာဏ်စွမ်းပြည့်စုံတဲ့ နိုင်ငံသား ကျား၊ မ၊ လူကြီးလူငယ်အားလုံးရဲ့ အတွေးအမြင်၊ အလုပ်အဆောင် ခေတ်မီမြင့်မားမှုဖြစ်မယ်နော်။ ဆိုပါစို့-

သူများက သိတယ်၊ တို့က မသိကြဘူး။

သူများက တတ်တယ်၊ တို့က မတတ်ကြဘူး။

ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ရောင်းဝယ်မှု၊ အရာရာဝန်ဆောင်မှုလုပ်ငန်းအသီးသီးမှာ သူတို့က တော်ကြတယ်။ သာကြတယ်။ မိမိတို့က ညံ့ဖျင်းနေရစ်မယ်။ သူတို့အောက် နိမ့်ကျနေခဲ့သည်ရှိသော်-

နယ်ချဲ့အရင်းရှင်၊ ဖက်ဆစ်နယ်ချဲ့တို့ရဲ့ ကျွန်ပြုခံရတာထက် အများကြီးပိုပြီးခါးသီးတဲ့ ကြိုးဆွဲရာကရမဲ့ ရုပ်သေးဘဝ ကျရောက်နိုင်ပါတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင်တော့ မျက်မမြင်၊ နားမကြား၊ ရှေ့ကို ဘာမှကြိုတင်တွေးခေါ်တတ်တဲ့ ပထဝီနိုင်ငံရေးအသိအမြင်နဲ့ သမိုင်းသင်ခန်းစာကို မသိခဲ့ရင် နေ့ချင်းညချင်းပင် သူတစ်ပါးအခိုင်းခံအစေခံဘဝကျနိုင်ပါရဲ့။

ဘာတွေပြောနေတာလဲ။ အစိုးရိမ်လွန်ပြီးပြောနေတာလဲ မဟုတ်ဘူး။ အကြောက်လွန်လို့ဖော်ပြနေခြင်းလဲမဟုတ်ဘူး။ ပကတိအခြေအနေမှန်ကို သမိုင်းသင်ခန်းစာနဲ့ ယှဉ်ထိုးပြီးဖော်ပြရခြင်းပါ။ စိုးရိမ်စရာ၊ ကြောက်စရာမဟုတ်ပေမယ့် ငါတို့နိုင်ငံ ငါတို့လူမျိုးဟာ ဝါးအစည်းပြေသလိုဖရိုဖရဲနေထိုင်လို့တော့ မရှင်သန်နိုင်ဘူး။ စည်းလုံးညီညွတ်မှုနဲ့အတူ လူလူချင်းအောက်တန်းမကျတဲ့ ပညာရည်အဆင့်အတန်းပြည့်ဝနေမှရမယ်။

ဗဟုသုတတွေ၊ အသိပညာတွေ၊ အမြော်အမြင်နဲ့ ခလေ့ထုံးစံ၊ အကျင့်စရိုက်တွေ ပိုကောင်းနေဖို့လိုအပ်နေကြပြီ။ ဆင်ကန်းတောတိုး ကိုယ်ထင်ရာမြင်ရာလုပ်နေကြတာတွေ တော်လောက်ပြီ။

နိုင်ငံနဲ့လူမျိုးကို တိုးတက်အောင်မြင်စေချင်တယ်ဆိုရင် မိမိတို့တစ်ဦးချင်းစီရဲ့အတွေးအမြင်၊ ခံယူချက်၊ သဘောထား၊ ဘဝရည်မှန်းချက်တွေကို စနစ်တကျအောင်မြင်အောင် ပြုပြင်ပြောင်းလဲရမယ့်အချိန်အခါကောင်း၊ အခွင့်အရေးကောင်းရောက်ရှိနေပါပြီ။

ပေါ့တိပေါ့ဆ၊ လေကြုံစီးသလို ရေစုန်မျှော မနေသင့်တော့ပြီ။

မိမိဘဝကို တည်ဆောက်ကြရာမှာ ၁၉ ရာစုထဲက နပိုလီယံဟီးလ်(၁၈၈၃-၁၉၇၀)၊ ၂၀ ရာစုထဲက ဝီလျှမ်ကလီးမင့်စတုန်း(၁၉၀၉-၂၀၀၂)၊ ဒေးလ်ကာနက်ဂျီ(၁၈၈၈-၁၉၅၅)၊ ၂၁ ရာစုထဲမှာ ဒေးဗစ်နီဗင်၊ စတီဖင်အာကိုဗီး(၁၉၃၂-၂၀၁၂)၊ ရေးဒါလီယို၊ တရုတ်သန်းကြွယ်သူဌေး ဂျက်မား (အလီဘာဘာကုမ္ပဏီသူဌေး)၏ ဟောပြောချက်များ စသဖြင့် အင်္ဂလိပ်လို၊ မြန်မာလို၊ ကြိုက်ရာဘာသာနဲ့ ရှာဖွေလေ့လာမှတ်သားလို့ ရနေပါတယ်။

၁၉ ရာစု၊ ၂၀ ရာစုခေတ်ကာလမှာ ဘယ်တုန်းကမှ ဒီကနေ့သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှု ပေါက်ကွဲဖြာကျနေတဲ့ အခွင့်အလမ်းမျိုး တစ်ကြိမ်တစ်ခါမှ မရခဲ့၊ မရှိခဲ့ဖူးပါ။ ပညာကို ခက်ခက်ခဲခဲရှာဖွေစုဆောင်းလေ့လာခဲ့ကြရတယ်။

မျက်မှောက်ကာလမှာတော့ သိစရာတွေက များပြားလွန်းလို့ လမ်းလွဲစေမယ့်၊ အချိန်ဖြုန်းရာကျမယ့်၊ အရည်မရအဖတ်မရနဲ့ ဘိန်းစွဲသလိုစွဲစေမယ့် အရာမျိုးတွေရဲ့ ဖမ်းစားဆွဲဆောင်မှုကို လွတ်အောင်ရှောင်ဖို့သာလိုတယ်။

တန်ဖိုးရှိတဲ့၊ အကျိုးရှိတဲ့ အသိပညာ၊ အတတ်ပညာတွေကိုတော့ လွယ်လွယ်ကူကူ၊ သက်သက်သာသာနဲ့ ရနိုင်နေတဲ့အခြေအနေပါကွယ်။

မိမိကိုယ်ကို တန်ဖိုးထားပါ။ ယုံကြည်ပါ။

ငါကြိုးစားရင် အောင်မြင်မှာပဲဆိုတာ စိတ်မချရင် စာကောင်းပေကောင်းတွေ ရှာဖွေဖတ်ရှုပါ။ နိုင်ငံကျော် မုန့်ဟင်းခါးဆိုင်ကြီးဖြစ်လာသူ၊ မန္တလေးနန်းကြီးမုန့်တီနဲ့ နာမည်ကြီးပြီး ချမ်းသာတဲ့သူ၊ လက်ဖက်ရည်ဆိုင်တွေ နာမည်ကောင်းရပြီး ကြီးပွားအောင်မြင်တဲ့သူ၊ မြန်မာဆေးဝါးထုတ်လုပ်ပြီး လမ်းတကာအော်ကာ လျက်ဆားရောင်းခဲ့ရာမှ သူဌေးဖြစ်ခဲ့သူ၊ ဓားပြရှစ်ကြိမ်တိုက်ခဲ့ဖူးပြီး ထောင် သုံးကြိမ်ကျခဲ့သူဘဝမှ အသက် ၃၀ ကျော်၊ ထောင်ကထွက်လာမှထောင်ထဲမှာ ပီမိုးနင်းတို့၊ ရွှေဥဒေါင်းတို့စာအုပ်တွေ(ထောင်ပိုင်ကြီး ဦးမောင်ကလေးက ထောင်တွင်းစာကြည့်တိုက် သေသေချာချာထားပေးခဲ့လို့) စာများများဖတ်ပြီး ဈေးကောက်၊ ပွဲစား၊ ဆေးရွက်ကြီးကုန်သည်၊ ဗာဂျီးနီးယားဆေးပေါင်းရုံပိုင်ရှင်၊ ပခုက္ကူမြို့သိန်းတစ်ရာဆေးရွက်ကြီးသူဌေး ဦးအုံးဖေဆိုတာ စာအုပ်လုံးချင်းတွေရေးတဲ့ စာရေးဆရာတောင်ဖြစ်သွားပါသေး။ ပခုက္ကူဦးအုံးဖေတဲ့။ ဓားပြလူဆိုးကနေသူဌေးလူချမ်းသာ၊ စာကြည့်တိုက်သုံးတိုက်ဆောက်လုပ်ထူထောင်ခဲ့သူ အလှူရှင်မြို့မျက်နှာဖုံး လူကြီးဖြစ်ခဲ့တယ်ဗျာ။

ဓားပြမှုနဲ့ သုံးကြိမ်တရားခံဘဝ၊ လမ်းစဉ်ပါတီခေတ်၊ မြို့နယ်ပြည်သူ့တရားသူကြီးအဖွဲ့ဝင်အဖြစ် (လေးတန်းတောင်မအောင်ခဲ့ဘဲ) တရားစစ်ဆေးစီရင်သူအဖြစ် ရွေးချယ်တင်မြှောက်တာခံခဲ့ရပါရဲ့။ စာဖတ်ခြင်းကရစေတဲ့ ဘဝကိုပြောင်းလဲတိုးတက်မှုတွေဟာ အံ့အားသင့်စရာထူးခြားဆန်းကြယ်ခဲ့တာကိုး။ မိမိမှာရှိတဲ့ အတွင်းအားအပြုစိတ်ထားကို စတင်ပြောင်းလဲပါ။ ဘာမှမခက်ခဲဘူး။ ဒါလေးပါပဲ-

၁။ အားတက်သရောစိတ်

၂။ ကြိုးစားမှုဝီရိယစွမ်းအား

၃။ ရဲရင့်စိတ်နဲ့မိမိကိုယ်ကိုယုံကြည်မှု

၄။ အကောင်းမြင်ဝါဒ

၅။ မိတ်ကောင်းဆွေကောင်း

(လူကော စာအုပ်ကောပါတယ်)

၆။ ကိုယ်တိုင်အားထုတ် မဆိုင်းမတွလုပ်ခြင်း

(မပျင်းဘူး)

စာထဲပေထဲက အချက်တွေကို မိမိကိုယ်တိုင်အသက်သွင်းပါ။

၁။ စိတ်ပျော်ရွှင်ခြင်း လက်ငင်းရမယ်။

၂။ အားတက်ကာ ယုံကြည်မှုပိုရလာမယ်။

၃။ ပန်းတိုင်ရည်မှန်းချက် ခိုင်မာမြဲမြံမယ်။

၄။ ကျန်းမာရေးပိုကောင်းလာမယ်။

၅။ လူမှုဆက်ဆံရေးပိုမိုချောမွေ့လာမယ်။

၆။ တိုးတက်မှုကို ကိုယ်တွေ့သိလာရမယ်။

စာဖတ်သူရဲ့တိုးတက်အောင်မြင်မှုတွေက မိဘဆွေမျိုးနဲ့ လူမျိုးကိုပါ အလိုလိုမြင့်တက်စေနိုင်ပါကလားလို့ ကိုယ်တွေ့မျက်မြင်တွေ့လာရလိမ့်မယ်။ နိဂုံးချုပ်ကြစို့-

**"ငါသည် ငါ့ကံကြမ္မာ၏ ဆရာသခင်ဖြစ်သည်။**
**ငါသည် ငါ့ဝိညာဉ်၏ မာလိန်မှူးဖြစ်သည်။"**

ဝီလျှမ်အားနက်ဟင်နလေရဲ့ **"အနိုင်မခံ"**ဆိုတဲ့ အင်္ဂလိပ်ကဗျာလေးဟာ ဗိုလ်ချုပ်အောင်ဆန်း အနှစ်သက်ဆုံးမို့ တက္ကသိုလ်ကျောင်းသားဘဝကပင် အလွတ်ရနေခဲ့တဲ့ ကဗျာထဲမှာပါတဲ့စာသားပါ။ ဒါကြောင့် ဒီလိုဖြစ်လာတာ။

**❖ ငါတို့နိုင်ငံ ငါတို့လူမျိုးဟာ ဝါးအစည်းပြေသလိုဖရိုဖရဲနေထိုင်လို့တော့ မရှင်သန်နိုင်ဘူး။ စည်းလုံးညီညွတ်မှုနဲ့အတူ လူလူချင်းအောက်တန်းမကျတဲ့ ပညာရည်အဆင့်အတန်း ပြည့်ဝနေမှရမယ်။ ဗဟုသုတတွေ၊ အသိပညာတွေ၊ အမြော်အမြင်နဲ့ ခလေ့ထုံးစံ၊ အကျင့်စရိုက်တွေ ပိုကောင်းနေဖို့လိုအပ်နေကြပြီ။ ဆင်ကန်းတောတိုး ကိုယ်ထင်ရာမြင်ရာလုပ်နေကြတာတွေတော်လောက်ပြီ။ နိုင်ငံနဲ့လူမျိုးကို တိုးတက်အောင်မြင်စေချင်တယ်ဆိုရင် မိမိတို့တစ်ဦးချင်းစီရဲ့အတွေးအမြင်၊ ခံယူချက်၊ သဘောထား၊ ဘဝရည်မှန်းချက်တွေကို စနစ်တကျအောင်မြင်အောင် ပြုပြင်ပြောင်းလဲရမယ့် အချိန်အခါကောင်း၊ အခွင့်အရေးကောင်း ရောက်ရှိနေပါပြီ။ ❖**

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၈၈ ဧကစိုက်ပျိုးမည်


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၈၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၈၈ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်ဖွန်လမှစတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်၊အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဇနုဖြူ မေ ၁၈**

ရောဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဧပြီလအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇနုဖြူမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြ၍ သိရသည်။

ဇနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ ဧပြီလအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇနုဖြူမြို့နယ်ကနေ ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ သီးထပ်ရင်ဆန်တွေကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အား တက်လာတာဖြစ်ပါတယ်။ ဒေသတွင်း ဆန်စပါးဈေးကွက်မှာကို သီးထပ်ရင်ဆန်က အဝယ်လိုက်နေပါတယ်'' ဟု ဇနုဖြူမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။



အဆိုပါ သီးထပ်ရင်ဆန် တစ်အိတ်လျှင် ငွေကျပ် ၈၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွှေတောင်မြို့နယ် အင်ပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေတောင် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ပင်ကုန်းကျေးရွာနှင့် မြောက်ကုန်းကျေးရွာ နှစ်ရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အင်ပင်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ကျေးရွာနှစ်ရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၄၄၃ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်ပင်ကုန်းကျေးရွာနှင့် မြောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသူ၊ အသင်းသား ဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# သာယာဝတီမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ မေ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာနှင့် ကမ်းပြိုကျေးရွာ နှစ်ရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို မေ ၁၇ ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၆၂၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာနှင့် ကမ်းပြိုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၂၀ ထုတ်ချေးပေးခဲ့ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

**မောင်ခိုင်**

# ထန်းတပင်မြို့နယ် ကလိန်ကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှုလုပ်ငန်း စစ်ဆေး

**ထန်းတပင် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် ကလိန်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက မေ ၁၇ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအေးနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကလိန်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းတာဝန်ခံအား လုပ်ငန်းများအားလုံး စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကလိန်ကျေးရွာ၌ အလျား ပေ ၁၃၀၊ အနံ ၈၅ ပေ၊ အနက်လေးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမသုံးလပတ် ကာလအတွင်း ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၁ ဒသမ ၈ သန်းဖြင့် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ မေ ၃ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာ ရရှိမည်ဖြစ်ပြီး နွေရာသီကာလများတွင် ရေရှားပါးသည့်အခက်အခဲများကို ကုစားနိုင်မည်ဖြစ်ကြောင်း ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

တိုဗက် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ဝတ္ထုတိုကဏ္ဍ

# နေရောင်အောက်က သစ္စာများ

နွေကုံကော်(မြို့လှ)



(၁)

"ခဏလေးပါဆရာ လာပါပြီ"

လောင်းလက်စ ရေပန်းကရားကို ပုဏ္ဏရိက်ပင်များဘေးချလျက် သံပန်းတံခါးဆီ ခပ်သွက်သွက်လျှောက်လာသူသည် ကားဂိတ်စောင့် ဦးတင်ဖေပင်ဖြစ်သည်။

အသက် ၆၅ နှစ်ရှိပြီဆိုသော်ငြား ဦးတင်ဖေ၏ကျန်းမာဖျတ်လတ်မှုက အံ့သြအားကျစရာ။ နွေနံနက်ခင်းပင်ဖြစ်သည့်တိုင် စက်ရုံအဝင်ဝမှ စိမ်းလန်းစိုပြည်နေသော ဦးတင်ဖေ၏ စံပယ်ရုံ၊ နှင်းဆီရုံ၊ ရွက်လှပန်းပင်များနှင့် ညီညီညာညာဖြတ်ထားသော ပုဏ္ဏရိက်ပင်များက စက္ခုအာရုံကို ပသာဒဖြစ်စေရုံမျှမက နှလုံးအိမ်ဆီထိ သန္တရသကိုခံစားစေရသည်။

"ဆရာ ဒီနေ့ စောတယ်နော်"

သူကပင်ကိုယ့်ထက် မှတ်သားမှုအားကောင်းနေတော့၏။ ဟုတ်သည်။ မနေ့က ကြွေးကျန် အစီရင်ခံစာကို ဆယ်နာရီမတိုင်ခင် အပြီးဖြတ်ရမည်မို့ ရုံးကိုခါတိုင်းရက်များထက် စောလာရသည် မဟုတ်ပါလား။

"ဟုတ်တယ် ဦးတင်ဖေရေ လုပ်စရာလေးတွေရှိနေလို့ဗျ"

တံခါးဖွင့်ပေးပြီးသည်နှင့် ဦးတင်ဖေက တံခါးချက်ချင်းပြန်ပိတ်သည်။

"ဘာထူးသေးတုံးဗျ ဦးတင်ဖေ"

ရုံးကိစ္စမဟုတ်သော်လည်း စက်ရုံ၏ အခြားကဏ္ဍစုံကို ဤဂိတ်မှသိရနိုင်သည်။ ရုံးပိုင်းဆိုင်ရာ သီးခြားကိစ္စများကို ဦးတင်ဖေမသိနိုင်သော်လည်း တခြားလူမှုရေးရာ အဖြာဖြာကိုတော့ ကန်တင်းဆိုင်နှင့်မဝေးသည့် ဤဂိတ်ကြီးက အလိုလိုသိနေရသည်။

"အထွေအထူးတော့ မကြားမိပါဘူး ဆရာ"

"ဟုတ်ပါပြီဗျာ လုပ်စရာရှိတာလုပ်ပါ"

ဆိုင်ကယ်ပေါ်ပြန်တက်လျက် ရုံးကြီးဆီ ဦးတည်လိုက်သည်။ ဦးတင်ဖေလောင်းထားသည့် ပန်းရုံများဘက်ဆီမှ ပန်းနံ့များနှင့်မြေသင်းနံ့တို့က ဆိုင်ကယ်ဦးထုပ်အောက်မှ နှာဖျားဆီရိုက်ခတ်လာကြ၏။ စိတ်ချမ်းသာစရာ နံနက်ခင်းအဖွင့်ကိုတော့ စတင်နိုင်ခဲ့ပါပြီ။

လှျို့ဝှက်နံပါတ်နှင့် ရုံးခန်းသော့ကိုဖွင့်ပြီးသည့်အခိုက် ကြည်လင်လာသော စိတ်အာရုံလေးကို အခန်းတွင်းအခြေအနေက စတင်နှောင့်ယှက်မှုပြု၏။

လူငါးယောက်ထိုင်သော ဤရုံးခန်းတွင် ကိုယ်သာလျှင် ရုံးခန်းသော့ကို ဦးဆုံးဖွင့်လေ့ရှိသူဖြစ်သလိုပိတ်လျှင်လည်း နောက်ဆုံးမှ အဖြစ်များသည်။ ၎င်းမှာ လက်ရှိဌာနလေးကို ပြောင်းလာသည့် သက်တမ်းခုနစ်လအတွင်း ပြောင်းလဲမှုမရှိသော အရှိတရား။

"ကဲ သော့တစ်ယောက်တစ်ချောင်းပေးထားတာတောင် ပျောက်သူပျောက်၊ မေ့သူမေ့၊ အရေးအကြောင်းဆို ဒီရုံးခန်းက ဖွင့်မရမဲ့အတူတူ လှျို့ဝှက်နံပါတ်နဲ့ သော့ပဲ တပ်လိုက်ပါတော့ဗျာ"

ရောက်ပြီးတစ်လအကြာမှာပဲ ရုံးခန်းတံခါး အဖွင့်အပိတ်ပြဿနာကို ဖြေရှင်းရန်အလို့ငှာ လှျို့ဝှက်နံပါတ်သော့ကို ပြောင်းလိုက်ရသည်။ မပြောင်း၍လည်းမဖြစ်တော့ပေ။ ကိုယ်ကဖြစ်ခဲသော်လည်း သော့မေ့သူ၊ သော့ပျောက်သူများကြားမှာ ကိုယ်ပဲသော့ထိန်းသူဖြစ်ခဲ့ရသည်မဟုတ်လား။

"ဟူး"

သက်ပြင်းမောကိုချလျက် တစ်ညလုံးလည်ထားရသော နံရံပေါ်မှ ပန်ကာခလုတ်ကို ပိတ်လိုက်၏။ တစ်ညလုံးဟုတ်ချင်မှပင်ဟုတ်လိမ့်မည်။ မနေ့ညနေရုံးဆင်းကတည်းက မပိတ်ခဲ့ခြင်းလည်း ဖြစ်ပေလိမ့်မည်။

Wall Fan လေးကတော့ အင်အားရှိသမျှ လည်နေဦးမည်၊ ပတ်နေဦးမည်။ တစ်ညနှစ်ညလောက်နှင့်လည်း သူ့သက်တမ်းများ တုံးတိကြီး မကုန်သွားနိုင်သေး။ တစ်ခုပဲရှိသည်။ အပူလွန်ကဲပြီး ရှော့ရိုက်သွားလျှင်တော့ သူလည်း ဘာမှတတ်နိုင်လိမ့်မည်မဟုတ်။ အခန်းတံခါးများဖွင့်လျက် ဆေးလိပ်ငွေ့အကြွင်းအကျန်များကို ရှင်းထုတ်ရ၏။

စတစ်ကော်လံကို အပေါ်ဆုံးကြယ်သီးနှစ်လုံးဖြုတ်လိုက်မှ အပူက နည်းနည်းသက်သာသွားသည်။ ထိုင်ခုံမှာထိုင်ပြီးနောက် မနေ့ကအားလုံး ဖတ်ရှုပြီးစီးပြီဟု အာမခံထားသော အစီရင်ခံစာဖိုင်ကိုဖွင့်လိုက်၏။ ကိုယ်က နောက်ဆုံးလက်မှတ်ထိုးရမည်။ ကိုယ်ပြီးမှ အထွေထွေမန်နေဂျာဆီ ရောက်လိမ့်မည်။ အထွေထွေမန်နေဂျာပြီးမှ စက်ရုံမှူးဆီတက်မည်ဖြစ်၏။

ငါးမျက်နှာရှိသော လေးလပတ်အစီရင်ခံစာကို ဖတ်ပြီးသည့်နောက် မထင်မှတ်ထားသော အမှားများ၊ သုညတစ်လုံးကြောင့် လစ်ဟာသွားသော ငွေကြေးသုံးစွဲမှု အမှားများနှင့် ပေါ့လျော့မှုအမှားများက စာမျက်နှာတိုင်းလိုလိုမှာ အစီအရီပေါ်ထွက်လာကြသည်။ ဖတ်ရှုပြီးစီးကြောင်း လက်မှတ်ထိုးထားကြသူများကတော့ အေးအေးလူလူ ထိုးထားကြပုံပင်။

ယနေ့နံနက်အတွက် ဒုတိယမြောက် သက်ပြင်းမောကိုချလိုက်ရပြန်သည်။ သက်ပြင်းနှင့်အတူ နောက်ဆက်တွဲကပ်ပါလာသည်က "ဌာနမှူး မင်္ဂလာပါ"ဟူသော အပျိုကြီး မအေးအေးဝင်း၏ နံနက်ခင်းအဖွင့် ပဋိသန္ထာရစကားပင်ဖြစ်၏။

"ဟုတ်ကဲ့ မင်္ဂလာပါ"

ရင်တွင်းဝေဒနာများဖြင့် နံနက်ပိုင်း မင်္ဂလာကို စဖွင့်လိုက်ရသော်လည်း ချိုမြိန်ခြင်းမရှိသည်ကိုတော့ ကိုယ်သာအသိဆုံးရယ်ပင်။

"တော်သေးတာပေါ့ ပန်ကာပိတ်မိခဲ့တာပဲ။ မနေ့က ပန်ကာပိတ်မသွားမိဘူးထင်လို့ နောက်ဆံတင်းနေတာ ဆရာရဲ့"

လောလောလတ်လတ်အနားရထားသော ပန်ကာလေးကိုကြည့်လျက် အပျိုကြီးကတော့ သူ့ကိုယ်သူတာဝန်ကျေစွာဆိုရှာ၏။ ထိုစဉ်-

"ညက မန်ယူပွဲက အချိန်ပိုရောက်သွားတော့ နှစ်ချက်တီးမှပြီးတယ်လေ။ မနက် ၇ နာရီမှ နိုးတယ်။ ဒါတောင် တန်းစီမနည်းမီအောင် ပြေးခဲ့ရတာ။ ပြီးမှ ကန်တင်းမှာ မနက်စာစားနိုင်တယ်"

နောက်ဆုံးပိတ်ဝင်လာသည့် ဦးခင်မောင်ကလည်း အလောတကြီး။ ၉ နာရီထိုးလုလုကျမှ ဦးကျော်လွင်တို့ ဌာနလေး လူစုံလေသည်။

(၂)

"ဘယ်လိုဖြစ်ရတာလဲဗျာ ကိုကျော်လွင်။ ခင်ဗျားကိုယ်တိုင် ပေါ့လျော့တာတော့ မကောင်းဘူးပေါ့။ ဒီအစီရင်ခံစာကို ကျုပ်ကဘယ်လိုလုပ် စက်ရုံမှူးဆီတင်ရမလဲ။ အောက်လူတွေ ဘယ်လိုမှားမှား ခင်ဗျားစိစစ်ရမှာပေါ့၊ အခု ချက်ချင်းပြန်ပြင်ပြီး ပြန်တင်ပါ"

အဆုံးစွန်သော နာခံမှုများနှင့်အထွေထွေမန်နေဂျာအခန်းမှ ပြန်ထွက်ခဲ့ရသည့်တိုင် ဦးကျော်လွင်မျက်နှာသည်ကား အပြုံးမပျက်ခဲ့ပါချေ။

"ဪ...ဘယ်လိုဖြစ်ရတာပါလိမ့်။ မအေးလဲ သေသေချာချာ ပေါင်းလိုက်ပါတယ်"

"အေးဗျာ ကျွန်တော်လဲ မှားမှာစိုးလို့ စာရေးတွေကို သေချာမှာပါတယ်"

"ကျွန်တော်ကလဲ အားလုံးအတည်ပြုပြီးပြီထင်လို့ ပရင့်ထုတ်ပေးတာပါ"

"ကျွန်တော်က မနေ့က စာသွားပို့နေရတာနဲ့..."

လူလေးယောက်ကို ပုံစံကွဲလေးမျိုးဖြင့် မိမိတို့လွတ်ရာလွတ်ကင်းဆီ ဦးတည်နေသည့် ဖြေရှင်းမှုများကို ဦးကျော်လွင် လျစ်လျူရှုလိုက်ရပြန်သည်။ ယခင်တုန်းကတော့ ယခုလိုလျစ်လျူမရှုနိုင်ခဲ့ဘဲ ပြောခဲ့ရသည်။ ဆိုခဲ့ရသည်။ သို့သော် မိမိ၏ပြောဆိုမှုများက နှစ်ပတ်ကြာလျှင် တစ်ကပြန်စရလေ့ရှိသည်မို့ ကြာတော့လည်း အံ့သေလာခဲ့ပါပြီ။

"အခု ဒီအစီရင်ခံစာကို သေသေချာချာ ပြန်စိစစ်ပြီး ချက်ချင်းပြန်တင်ရပါမယ်"

"ဟင်"

ဦးကျော်လွင်စကားအဆုံး အားလုံးအကြည့်များက နံရံပေါ်မှ တိုင်ကပ်နာရီဆီရောက်သွားကြလေ၏။ ၁၁ နာရီထိုးပြီး ၁၅ မိနစ်။ မကြာမီ ၁၁ ခွဲ ထမင်းစားကြတော့မည်။ ထိုစဉ်မှာပဲ မီးကရုတ်တရက်ပျက်သွား၏။

"သွားပါပြီ မီးရယ်...အချိန်ကောင်း အခါကောင်းဆိုရင်"

"ဟာကွာ ဒီမီးကတော့ လုပ်ပြီ"

မအေးအေးဝင်းနှင့်ဦးခင်မောင်တို့ဆီမှ အသံများ ဆင့်ကဲဆိုသလို ပေါ်ထွက်လာကြ၏။

"ဒီလိုမီးပျက်တာကျတော့ လူကြီးတွေက မသိကြဘူး။ တစ်ခုခုဆို အောက်ကအားနည်းချက်တွေကိုပဲရှာတတ်ကြတယ်။ ခက်ပါတယ်ဗျာ တကယ်ပဲ"

"ကဲကဲ မီးပျက်တုန်းလေး ထမင်းစားလိုက်ကြတာပေါ့"

အပျိုကြီးက အချိန်ကို ယခုမှ တန်ဖိုးထားတတ်ပုံရသည်။ မမျှော်မှန်းနိုင်သည့် အရာများအတွက် အလုပ်ကို မည်သို့ပြင်ဆင်ရမည်ဆိုသည်ကိုတော့ သူတို့တွေ တွေးထားကြပုံမပေါ်။

"ဟော...ပြန်လာပြီ"

"ကဲကဲ အောင်မျိုးဦး သေသေချာချာပြန်ရိုက်၊ ငါဖတ်ပေးမယ်၊ ဆရာဦးခင်မောင်လဲ ပြန်စစ်ပေးအုံး"

လုပ်ငန်းခွင်လေးက ယခုမှ ပြန်လည်အသက်ဝင်လာသည်။

"ကျွန်တော် စီမံဘက်ခဏသွားလိုက်အုံးမယ်"

ဦးကျော်လွင် ဖိုင်တွဲတစ်ခုကိုယူလျက် အခန်းထဲမှ ထွက်ခဲ့လိုက်၏။

(၃)

"ဦးကျော်လွင်ဆီက မနက်တန်းစီပျက်ကွက်နှစ်ယောက်တောင်ရှိတယ်ဗျာ။ ထုံးစံအတိုင်း အပျိုကြီးနဲ့ကလေးနှစ်ယောက်အဖေ ဦးခင်မောင်တို့ပဲ"

စီမံဌာနမှူးရှေ့မှာ ခုနစ်လအတွင်း သုံးကြိမ်မြောက် ကိုယ်စားသတိပေးခံနေရသည့်အတွက် ယခုမနက်စာ တတိယအကြိမ်မြောက် သက်ပြင်းကို ရင်ထဲမှာပဲ ချလိုက်ရပါတော့သည်။ ဦးခင်မောင်ကတော့ သူ့ကိုယ်သူ တန်းစီသည်ဆိုပြီး ရုံးခန်းထဲရောက်ရောက်ချင်း ဖြေရှင်းချက် ထုတ်ထား၏။ မထူးတော့သော အရာရယ်ပါ။

**ဆက်လက်ဖော်ပြပါမည်။**

# နည်းပညာခေတ်၏ စာဖတ်ခြင်း အလေ့အထ

လင်းလက်

**ပြောင်းလဲသွားသော ခေတ်ရေစီးကြောင်း**

နည်းပညာသည် လူတို့၏ နေ့စဉ်လူနေမှုဘဝ အဆင်မပြေမှုများကို လျော့ပါးသက်သာအောင် ကူညီပံ့ပိုးပေးသည်။ ရှေးယခင်ခေတ်က ကျေးငှက်များနှင့် အမှာပါးရသည့်ခေတ်မှသည် ယနေ့ အချိန်အခါတွင် နေ့ညမရွေး မည်မျှဝေးကွာနေသည့် အရပ်မှလူကိုဖြစ်ပါစေ ဆက်သွယ်နိုင်ပြီဖြစ်သည်။ မိုဘိုင်းလက်ကိုင်ဖုန်းများ ခေတ်စားလာသည့်အချိန်တွင် လူမှုမီဒီယာ ဆက်သွယ်ရေးကွန်ရက်များ တိုးတက်လာပြီး အသံမျှမက တစ်ဦးနှင့်တစ်ဦး ရုပ်ကိုပါမြင်ရပြီး စကားပြောနိုင်သည့်ခေတ်သို့ ရောက်ရှိလာပြီဖြစ်သည်။ လူမှုဆက်ဆံရေးအပြင် လူတစ်ဦး၏ နေ့စဉ်ခံစားနေရသည့် စိတ်သောကများကို လျော့ပါးပျောက်ကွယ်သွားစေသည့် ဖျော်ဖြေရေး အစီအစဉ်များကိုပါ အချိန်မရွေး၊ နေရာမရွေး ကြည့်ရှုခံစားနိုင်ပြီဖြစ်သည်။

ခေတ်ရေစီးကြောင်း ပြောင်းလဲမှုနှင့်အတူ နည်းပညာသည်လည်း လူသားတို့၏ နေ့စဉ်လူနေမှုဘဝဖြစ်စဉ်အနက်မှ အချို့သောအလေ့အထများကို ဖဲ့ယူသွားပြီဖြစ်သည်။ မိုဘိုင်းလက်ကိုင်ဖုန်းမပေါ်ခင်ကရှိခဲ့သော မိသားစုစကားဝိုင်းများ၊ သာနေသောလမင်းအလင်းရောင်အောက်တွင် ရှိနေခဲ့သော လူငယ်စကားဝိုင်းများ၊ ကလေးသူငယ်များ၏ အပြစ်ကင်းသော ပြေးလွှားကစားပုံများ ပျောက်ကွယ်လုနီးပါးပင်ဖြစ်နေသည်။

**ဒစ်ဂျစ်တယ်စာအုပ်များ**

အစားအသောက်သည် လူတို့၏ခန္ဓာကိုယ်အာဟာရကို ပေးသကဲ့သို့ စာအုပ်၊ စာစောင်များသည်လည်း နှလုံးသားနှင့် ဦးနှောက်ကို အာဟာရဖြစ်စေသည်။ နည်းပညာခေတ်တွင် ဒစ်ဂျစ်တယ်စာအုပ်များက နေရာယူလာကြသဖြင့် စာကြည့်တိုက်ယဉ်ကျေးမှုများ၊ စာအုပ်ဆိုင်ယဉ်ကျေးမှုများ၊ စာအုပ်အငှားဆိုင်များ၊ စာဖတ်ဝိုင်းများက တဖြည်းဖြည်း လျော့နည်းလာနေပြီဖြစ်သည်။ ဒစ်ဂျစ်တယ်စာအုပ်များသည် စာဖတ်သူများကို လွယ်လင့်တကူ ရှာဖွေဖတ်ရှုစေနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း စသည့်အကျိုးကျေးဇူး အမျိုးမျိုးကိုပေးသည်။

ဒစ်ဂျစ်တယ်စာအုပ်များသည် တစ်ခါတရံတွင် လိုအပ်သကဲ့သို့ ပြင်ဆင်ထားသည်များလည်း ရှိတတ်သည်။ စာအုပ်တစ်အုပ်လုံးကို အစမှ အဆုံးထိ ရရှိရန်မလွယ်ကူသကဲ့သို့ မိမိ၏ မိုဘိုင်းလက်ကိုင်ဖုန်းအတွင်းသို့ ရယူလိုက်သည့် စာအုပ်သည်လည်း မူရင်းစာအုပ် ဟုတ်သည်၊ မဟုတ်သည်ကို ခန့်မှန်းရန်ခက်ခဲလှသည်။ အွန်လိုင်းပေါ်တွင် ဒစ်ဂျစ်တယ်စာအုပ်များကို ဖတ်ရှုလေ့လာနိုင်သည်ဟုဆိုသော်လည်း များသောအားဖြင့် သုတေသနပြုလုပ်နေသူများ၊ စာတမ်းပြုစုသူများ၊ စာပေရေးသားသူများသာ ရှာဖွေလေ့ရှိကြသည်။ သာမန်အားဖြင့် စိတ်အပန်းဖြေစေရေး စာဖတ်ရှုမည်ဟု ကြံရွယ်သူများ၊ ဗဟုသုတရရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် စာဖတ်သူများသည် အခြားသော ဖျော်ဖြေရေးအစီအစဉ်များဘက်သို့သာ စိတ်ယိုင်သွားပြီး ကြည့်ရှုမိတတ်ကြသည်။ ဒစ်ဂျစ်တယ် နည်းပညာခေတ်တွင် ဒစ်ဂျစ်တယ်စာအုပ်များသည် အမှန်တကယ်စာဖတ်သူများလက်သို့ ရောက်ရန် စိန်ခေါ်မှုများရှိနေဆဲပင်ဖြစ်သည်။ လူငယ်များ၏ လက်အတွင်းရှိသော မိုဘိုင်းလက်ကိုင်ဖုန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရှာဖွေထားသည့် စာအုပ်၊ စာစောင်မည်မျှရှိနေသည်ကလည်း မေးခွန်းထုတ်စရာပင်ဖြစ်သည်။

**ကိုယ်တိုင်ဖတ်စရာမလိုပါ**

နည်းပညာသည် လူသားတို့ကို အချိန်ကုန်၊ ငွေကုန်သက်သာအောင် တီထွင်ဖန်တီးပေးခြင်းသာဖြစ်သည်။ စာအုပ်များကို ကိုယ်တိုင်တစ်ရွက်ချင်း ဖတ်ရှုရသည့်ခေတ်မှ သာယာနာပျော်ဖွယ်ကောင်းသည့်အသံများဖြင့် ဖတ်ပြသည့် အသံစာအုပ်များ ပေါ်ထွက်လာပြီဖြစ်သည်။ ထို့ပြင် ယူကျူ့(YouTube)



ကဲ့သို့သော အွန်လိုင်းပလက်ဖောင်းများပေါ်တွင်လည်း အသိပညာဗဟုသုတဖြစ်စေသော စာအုပ်များ၊ စိတ်ခံတွန်အားပေးသောစာအုပ်များကို ပြန်လည်ဖတ်ပြသည့်အစီအစဉ်များ ရှိလာနေပြီဖြစ်သည်။ လူငယ်များအနေဖြင့် ထိုအစီအစဉ်များသို့ လက်က မရောက်ဘဲ အခြားသော တစ်တော့၊ ဖေ့ဘွတ်၊ မက်စင်ဂျာကဲ့သို့သော ဖျော်ဖြေရေးအစီအစဉ်များသို့ လက်ကသာမက စိတ်ကပါ ရောက်သွားကြသည်က နည်းပညာ၏ အခြားတစ်ဖက်မှ စိန်ခေါ်မှုဟု ဆိုရမည်ဖြစ်သည်။

လူတို့၏ နေ့စဉ်လူနေမှုဘဝတွင် ကြုံတွေ့ရနိုင်သည့် ဘဝစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်ဖြတ်နည်းများကအစပြု၍ အောင်မြင်ရေးနည်းလမ်းများထိ အပြန်အလှန် ဆွေးနွေးသည့်ပုံစံများဖြင့် တင်ပြလေ့ရှိသည့် အစီအစဉ်များကလည်း လူငယ်များကို စာဖတ်ခြင်းကဲ့သို့သော ဗဟုသုတများကို ပေးအပ်နိုင်စွမ်းရှိကြသည်။ တီဗီအစီအစဉ်များ၊ ရေဒီယိုများတွင် သုတ၊ ရသ ပေးအပ်နိုင်စွမ်းရှိသော စာပေဟောပြောပွဲများ၊ စာပေစကားဝိုင်းများကို ထုတ်လွှင့်ပြသလေ့ရှိသည်။ ယနေ့ခေတ်လူငယ်များကြား ခေတ်စားနေသည့် တစ်တော့ကဲ့သို့သော လူမှုမီဒီယာများတွင် စကားပုံများ၊ ဆိုရိုးများ၊ မှတ်သားဖွယ်ရာ အဆိုအမိန့်များကို ပြန်လည်တင်ပြပေးနေသည့် အစီအစဉ်များကလည်း လူငယ်များအတွက် ဗဟုသုတများကို ပေးအပ်နိုင်စွမ်းရှိကြသည်။ သို့ရာတွင် စာပေအစီအစဉ်များထက် အခြားသော အပျော်သက်သက်ဖြစ်သည့်လူမှုမီဒီယာအစီအစဉ်များဖြင့် အချိန်မကုန်ရန်က မိမိတို့၏တာဝန်သာဖြစ်သည်။

**ဆော့ဖ်ဝဲများ**

အွန်လိုင်းစာမျက်နှာများပေါ်တွင် စာအုပ်စာစောင်များကို ရှာဖွေဖတ်ရှုသည်က အခက်အခဲရှိသည်ဟုဆိုပါလျှင် စာအုပ်အမျိုးအစားများကိုပါ စနစ်တကျခွဲခြားပေးပြီး မိမိ၏ ကိုယ်ပိုင်စာဖတ်ချိန်များနှင့် ဖတ်သင့်သည့်စာအုပ်များကိုပါ လမ်းညွှန်ပေးနိုင်သည့် ဆော့ဖ်ဝဲများရှိသည်။ မိမိ၏ဖုန်းအတွင်း၌ စာဖတ်ရန် ဆော့ဖ်ဝဲတစ်ခုကိုရယူထားပြီး ကြိုက်နှစ်သက်ရာစာအုပ်များကို ရှာဖွေစုဆောင်းခြင်း၊ ဖတ်ရှုခြင်း၊ မှတ်စုရေးသားခြင်း စသည်တို့ကို ဆော့ဖ်ဝဲများကိုအသုံးပြု၍ ပြုလုပ်နိုင်ပြီဖြစ်သည်။ မျိုးဆက်သစ်လူငယ်များ၏ လက်အတွင်းရှိ မိုဘိုင်းလက်ကိုင်ဖုန်းများတွင် စာဖတ်သည့်ဆော့ဖ်ဝဲများရှိမနေဘဲ အခြားသော အွန်လိုင်းဂိမ်းဆော့ဖ်ဝဲများရှိနေမည်ဆိုပါက နည်းပညာကို အကျိုးမဲ့စွာ အသုံးပြုခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ဆော့ဖ်ဝဲအသုံးပြု၍စာအုပ်ဖတ်စဉ် သို့မဟုတ် လိုအပ်သည့် စာအုပ်စာစောင်များကို ရှာဖွေနေစဉ် အွန်လိုင်းမှတစ်ဆင့် အခြားသော စိတ်အာရုံကို ဖမ်းစားနိုင်စွမ်းရှိသည့် အစီအစဉ်များကို အသုံးမပြုမိစေဖို့ ကြိုးစားရမည်ဖြစ်သည်။ မိုဘိုင်းလက်ကိုင်ဖုန်းကို အကျိုးရှိရှိအသုံးချတတ်မည်ဆိုပါက မိုဘိုင်းလက်ကိုင်ဖုန်းများသည် မိမိတို့နှင့် အချိန်ပြည့် အတူရှိနေနိုင်သည့် စာကြည့်တိုက်ငယ်ကလေးများ ဖြစ်လာမည်ဖြစ်သည်။

**အွန်လိုင်း ပလက်ဖောင်းများ**

စာပေဖတ်ရှုလေ့လာလိုစိတ်ရှိသည့် လူငယ်များအတွက် အွန်လိုင်းစာကြည့်တိုက်များကလည်း တစ်နည်းအားဖြင့် အထောက်အပံ့ပေးနေကြသည်။ ဆေးမြီးတိုရေးသည့် စာအုပ်များကအစပြု၍ ကျမ်းစာများထိ ရှာဖွေဖတ်ရှုနိုင်သကဲ့သို့ ငှားရမ်းဖတ်ရှုခြင်းများကိုလည်း အွန်လိုင်းမှနေ၍ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ စာအုပ်အငှားဆိုင်များ နေရာတွင် နည်းပညာက အစားထိုးပြုပြင်ပေးလိုက်သော အွန်လိုင်းစာကြည့်တိုက်များသို့ လူငယ်များ ဝင်ရောက်ကြည့်ရှု လေ့လာကြဖို့သာလိုသည်။ ဘာသာရေးအကြောင်းအရာများကိုသာ တင်ပြသည့် အွန်လိုင်းစာကြည့်တိုက်များ၊ သမိုင်းအထောက်အထားများကိုသာ တင်ပြသည့်အွန်လိုင်းစာကြည့်တိုက်များ စသည်ဖြင့် အမျိုးအစားအလိုက် ရှာဖွေဖတ်ရှုနိုင်သည်။

အချို့သော အွန်လိုင်းပလက်ဖောင်းများတွင် စာပေလေ့လာ ဖတ်ရှုရုံသာမကဘဲ မိမိတို့၏ အတွေးအမြင်များကိုပါ ချပြနိုင်သည်။ စာဖတ်သူဘဝမှ စာရေးသူဘဝကို ဖုန်းတစ်လုံးရှိရုံမျှဖြင့် ရောက်ရှိနိုင်ကြပြီဖြစ်သည်။ လူငယ်များအနေဖြင့် အဆိပ်အတောက်ဖြစ်စေသော အရေးအသားများကိုသာ ဖော်ပြလေ့ရှိသည့် အွန်လိုင်းစာမျက်နှာများကိုတော့ ရှောင်ရှားရမည်ဖြစ်သည်။ အချို့သော အွန်လိုင်းပလက်ဖောင်းများသည် စာဖတ်ဝိုင်းများ၊ စာပေဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများကိုသာ သီးသန့်တင်ပြကြပြီး ဝင်ရောက်ကြည့်ရှုသူများအနေဖြင့် မိမိတို့၏အတွေးအမြင်များကို လွတ်လပ်စွာ ဖော်ပြဆွေးနွေးနိုင်သည်။ အခြားသူများ၏ စာပေဖတ်ရှုလေ့လာမှုများကတစ်ဆင့် ရရှိလာသည့် အတွေ့အကြုံနှင့် ဗဟုသုတများကို မိမိတို့က အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် အွန်လိုင်းကတစ်ဆင့် သိရှိလေ့လာနိုင်ကြမည်ဖြစ်သည်။

**စာဖတ်ဖို့က အဓိက**

နည်းပညာခေတ်တွင် စာပေဖတ်ရှုမှုပုံစံများ၊ စာပေလေ့လာသည့်ပုံစံများသည် အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်၍ရသည့်အခြေအနေများကို တဖြည်းဖြည်းပြောင်းလဲလာနေပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မိမိ၏ဦးနှောက်နှင့် နှလုံးသားကို အာဟာရဖြစ်စေမည့် စာပေများကို မိမိနှင့် မဝေးကွာသွားစေရန် ဂရုပြုကြရမည်က မိမိတို့မျိုးဆက်သစ်လူငယ်များ၏ တာဝန်ပင်ဖြစ်သည်။ စာအုပ်အငှားဆိုင်များတွင် ရှာဖွေရခက်သည့်ခေတ်တွင် နည်းပညာသုံး၍ ဖုန်းဖြင့် အွန်လိုင်းစာအုပ်စင်များကို ဝင်ရောက်ကာ မိမိဘဝတက်လမ်းများကို ရှာဖွေကြဖို့လိုသည်။ အပျော်သက်သက်ဖြစ်သော အနှစ်သာရမရှိသော ဖျော်ဖြေရေးအစီအစဉ်များဖြင့် အချိန်မကုန်ဘဲ အသံစာအုပ်များနားထောင် ခြင်း၊ စာဖတ်ဝိုင်းများကိုကြည့်ရှုခြင်း၊ အွန်လိုင်းစာကြည့်တိုက်များတွင် စာဖတ်ခြင်းစသည့် မိမိအတွက် အကျိုးရှိသည့် နည်းပညာသုံးစာဖတ်ခြင်း နည်းလမ်းများကို ပြုလုပ်သင့်ပေသည်။

လက်တစ်ဝါးစာသာ ရှိသည့်လူငယ်တို့လက်အတွင်းမှ မိုဘိုင်းလက်ကိုင်ဖုန်းကလေးများသည် အကျိုးရှိရှိ အသုံးချတတ်ပါက စာအုပ်ထောင်သောင်းမကရှိနေသည့် စာကြည့်တိုက်ကြီးများကဲ့သို့ တန်ဖိုးရှိသည်။ စာပေသည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားကို ပေးအပ်နိုင်စွမ်းရှိသည်။ မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်၍ စာဖတ်ရသည်ဖြစ်စေ၊ သူတစ်ပါးဖတ်ပြသော အသံစာအုပ်များကို နားထောင်ရသည်ဖြစ်စေ၊ အခြားသော စာပေအစီအစဉ်များကို ကြည့်ရှုရသည်ဖြစ်စေ စာပေနှင့် အလှမ်းဝေးကွာသွားခြင်းမရှိဖို့က အဓိကပင်ဖြစ်သည်။ နည်းပညာခေတ်တွင် နည်းပညာကပေးသော အကျိုးကျေးဇူးများကို မိမိ၏ စာပေခရီးလမ်းတွင် ကောင်းစွာအသုံးပြုပြီး စာပေပန်းရနံ့တို့ဖြင့် သင်းထုံသော ဘဝကို ဖန်တီးပုံဖော်ကြရမည်ဖြစ်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက တာဝေးပျံသန်းစစ်ဆင်နိုင်သော မောင်းသူမဲ့လေယာဉ် CHEEL ကို ထုတ်ဖော်ပြသ



အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းစစ်ဆင်ရေးစွမ်းရည်များကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် တာဝေးထိ အချိန်ကြာမြင့်စွာ ပျံသန်းစစ်ဆင်နိုင်သော မောင်းသူမဲ့လေယာဉ် CHEELကို ထုတ်ဖော်ပြသလိုက်ကြောင်း Next Gen Defense သတင်းဌာနက မေ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

CHEEL ဟု အမည်ပေးထားသည့် ဤမောင်းသူမဲ့လေယာဉ်သည် စစ်ဆင်ရေးအဝန်းအဝိုင်း ကီလိုမီတာ ၁၀၀ ထိ ပျံသန်းနိုင်စွမ်းရှိပြီး အမြင့်ပေ ၅၀၀၀ ထိ တက်ရောက်ပျံသန်းနိုင်သည်။ ၎င်း၏ အလျားမှာ ငါးမီတာရှိပြီး တောင်ပံအကျယ် ၃ ဒသမ ၄ မီတာရှိကာ အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ကီလိုဂရမ် ၈၀ ထိရှိသည်။

အိန္ဒိယနိုင်ငံ Dynauton Systems ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော CHEEL မောင်းသူမဲ့လေယာဉ်သည် ၃၀ ဆွဲယူနိုင်သည့် အလင်းပြန်ကင်မရာ၊ လှိုင်းလတ်အနီအောက်ရောင်ခြည်အာရုံခံကိရိယာနှင့် လေဆာအကွာအဝေးတိုင်းကိရိယာအပါအဝင် ထောက်လှမ်းရေးဆိုင်ရာပစ္စည်းအမျိုးမျိုးကို တစ်ပြိုင်နက်တည်း သယ်ဆောင်သွားနိုင်သည်။

ထို့ပြင် ရန်သူ့ရေဒါတွင် မိမိကိုယ်ထည်ပေါ်နိုင်ခြေနှင့် အသံထွက်ရှိမှုကို လျှော့ချထားသည့် နည်းပညာများပါဝင်သည့်အပြင် ရန်သူ၏လှိုင်းဖျက်စနစ်နှင့်အီလက်ထရွန်နစ် စစ်ဆင်ရေးခြိမ်းခြောက်မှုများကိုပါ အတိုင်းအတာတစ်ခုထိ ခံနိုင်ရည်ရှိအောင် ဒီဇိုင်းထုတ်ထားသည်။

CHEEL မောင်းသူမဲ့လေယာဉ်၏ အဓိကအားသာချက်မှာ ရဟတ်ယာဉ်ကဲ့သို့ ဒေါင်လိုက်ပျံတက်၊ ဆင်းသက်နိုင်သည့်စနစ်ပါဝင်ခြင်းဖြစ်သည်။ ထို့ကြောင့် ပြေးလမ်းမလိုဘဲ စစ်သင်္ဘောကုန်းပတ်များ၊ တောတွင်းကွင်းပြင်များနှင့် မြို့ပြကဲ့သို့ကျဉ်းမြောင်း၍ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသည့်နေရာများမှပါ လွယ်ကူစွာပျံသန်းနိုင်သည်။ ၎င်းသည် ရာသီဥတုဒဏ်အပူချိန် အနုတ် ၂၀ ဒီဂရီဆဲလ်စီယပ်မှ အပေါင်း ၄၅ ဒီဂရီဆဲလ်စီယပ်ထိ ခံနိုင်ရည်ရှိပြီး စစ်မြေပြင်တွင် ခြောက်နာရီထိ ဆက်တိုက်ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

CHEEL မောင်းသူမဲ့လေယာဉ်ကို ဩစတြေးလျနိုင်ငံအခြေစိုက် Orbital UAV ကုမ္ပဏီထုတ် Orbital 150 လောင်စာဆီသုံးအင်ဂျင်ဖြင့် မောင်းနှင်ထားခြင်းဖြစ်သည်။ ၎င်းအင်ဂျင်သည် 150cc အမျိုးအစား နှစ်ချက်ခုတ် ဒီဇိုင်းဖြစ်ပြီး စစ်သုံးဂျက်လေယာဉ်ဆီ JP-8 နှင့် ဒီဇယ်ဆီ နှစ်မျိုးစလုံးဖြင့် အဆင်ပြေပြေ လည်ပတ်နိုင်စွမ်းရှိသည်။

CHEEL မောင်းသူမဲ့လေယာဉ်၏ထူးခြားဆန်းသစ်သောဝိသေသတစ်ခုမှာ အင်ဂျင်အမျိုးမျိုး လဲလှယ်တပ်ဆင်နိုင်သည့်စနစ်ပင်ဖြစ်သည်။ ထိုစနစ်ကြောင့် အသုံးပြုသူများအနေဖြင့် မိမိတို့၏ လိုအပ်ချက်အလိုက် ဥရောပ၊ ဩစတြေးလျ သို့မဟုတ် အိန္ဒိယနိုင်ငံထုတ် အင်ဂျင်မောင်းနှင်မှုစနစ်များကို စိတ်ကြိုက်ပြောင်းလဲပေါင်းစပ်တပ်ဆင်နိုင်မည်ဖြစ်သည်။

ဤကဲ့သို့ နည်းပညာကို ချဉ်းကပ်ဖန်တီးရခြင်းမှာ မောင်းသူမဲ့လေယာဉ်များကို မတူညီသောစစ်ဆင်ရေးလိုအပ်ချက်များ၊ ဝယ်ယူသူများ၏ စိတ်ကြိုက်ရွေးချယ်မှုများနှင့် ကမ္ဘာ့လက်နက်တင်ပို့မှုထိန်းချုပ် ကန့်သတ်ချက်ဥပဒေများအပေါ်မူတည်၍ လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ မတူညီသောအင်ဂျင်ဖွဲ့စည်းမှုပုံစံများကို ပံ့ပိုးပေးနိုင်ခြင်းအားဖြင့် Dynauton Systems ကုမ္ပဏီသည် နိုင်ငံတကာဈေးကွက်အသီးသီး၏ နည်းပညာဆိုင်ရာတောင်းဆိုမှုများနှင့် စစ်ဘက်ဆိုင်ရာစည်းမျဉ်းစည်းကမ်း ဥပဒေများကို ကျော်လွှားပြီး ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။

**India Flaunts 'CHEEL' Long-Range VTOL Drone With Swappable Multi-Engine Architecture ကို ဘာသာပြန်ဆိုထားပါသည်။**

## ရိုမေးနီးယားနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Oves Enterprise က AI စနစ်သုံး ခရုဇ်ဒုံးကျည်အသစ်ကိုထုတ်ဖော်ပြသ

ရိုမေးနီးယားနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Oves Enterprise က အရှေ့ဥရောပ၏ ကာကွယ်ရေးပြပွဲတစ်ခုတွင် ကုန်ကျစရိတ်သက်သာပြီး ဉာဏ်ရည်တု (AI) စနစ်သုံး ခရုဇ်ဒုံးကျည်အသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Defense Blog သတင်းဌာနက မေ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် ယခင်က အင်အားကြီးနိုင်ငံများသာ သီးသန့်ထုတ်လုပ်နိုင်ခဲ့သည့် တိကျပဲ့ထိန်းလက်နက်များကို နိုင်ငံငယ်များ၏ကာကွယ်ရေးစက်မှုကဏ္ဍက လိုက်မီအောင်ကြိုးပမ်းလာနေသည်ကို ပြသနေခြင်းဖြစ်သည်။

Oves Enterprise ကုမ္ပဏီသည် ၎င်းတို့တီထွင်ထားသော Sahara အမည်ရှိ ခရုဇ်ဒုံးကျည်ကို မေ ၁၃ ရက်မှ ၁၅ ရက်ထိ ဘူခါရက်စ်မြို့၌ ကျင်းပခဲ့သည့် BSDA 2026 ကာကွယ်ရေးပြပွဲတွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ပြပွဲအတွင်း ရိုမေးနီးယားလွှတ်တော်ဥက္ကဋ္ဌ Mircea Abrudean၊ ဒုတိယဥက္ကဋ္ဌ Mihai Cotet နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Irineu Darau အပါအဝင် အဆင့်မြင့်အရာရှိကြီးများ ကိုယ်တိုင်လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

Sahara ခရုဇ်ဒုံးကျည်သည် ဒုံးကျည်တစ်စင်းလုံး၏ စုစုပေါင်းအလေးချိန် ၅၅ ကီလိုဂရမ်ရှိပြီး ထိပ်ဖူးခဲယမ်း ၁၀ ကီလိုဂရမ်ထိ သယ်ဆောင်ကာ အကွာအဝေး ကီလိုမီတာ ၂၀၀ ထိ ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိသည်။ ထို့ပြင် အဆိုပါ ဒုံးကျည်သည် ပစ်မှတ်ကိုရှာဖွေရာတွင်လည်းကောင်း၊ ရန်သူ့လှိုင်းဖျက်စနစ် (Jamming) များကို ကျော်လွှားရာတွင်လည်းကောင်း ပိုမိုတိကျသေချာစေရန်အတွက် အဆင့်မြင့်ဉာဏ်ရည်တု (AI) စနစ်ကို မောင်းနှင်အားအဖြစ် ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။

ယခုကဲ့သို့ ကနဦးပြပွဲ၌ပင် အစိုးရအရာရှိကြီးများ၏ နိုင်ငံရေးအရ အထူးအလေးပေး စိတ်ဝင်စားမှုကို ရရှိခဲ့ခြင်းမှာ ရိုမေးနီးယားအစိုးရအနေဖြင့် မိမိတို့နိုင်ငံတွင်း တိကျပဲ့ထိန်းလက်နက်ထုတ်လုပ်မှုကဏ္ဍကို သာမန်ထက်ပို၍အနီးကပ်စောင့်ကြည့်နေကြောင်း ပြသနေသည်။




Sahara ဒုံးကျည်သည် သမားရိုးကျ ခရုဇ်ဒုံးကျည်များနှင့် နှိုင်းယှဉ်ပါက ကျစ်လျစ်သော ပုံသဏ္ဍာန်ရှိပြီး ပစ်ခတ်ချိန်တွင် အလေးချိန် ၅၅ ကီလိုဂရမ်သာရှိကာ ထိပ်ဖူးခဲယမ်း ၁၀ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည် ပမာဏကြီးမားလှသော လက်နက်ကြီးများကဲ့သို့ ကုန်ကျစရိတ်နှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများမရှိဘဲ ရန်သူ့ဘက်မှ တန်ဖိုးမြင့်မားသောပစ်မှတ်များကို စစ်ဆင်ရေးအရ ထိရောက်စွာတိုက်ခိုက်နိုင်စွမ်းရှိသည်။

Sahara ဒုံးကျည်သည် တာဘိုဂျက်အင်ဂျင်ကို အသုံးပြုထားပြီး လောင်စာဆီ ကီလိုဂရမ် ၂၀ ခန့် သယ်ဆောင်ကာ စစ်ဆင်ရေးအဝန်းအဝိုင်း ကီလိုမီတာ ၂၀၀ ထိ ပျံသန်းနိုင်စွမ်းရှိသည်။ ဤအကွာအဝေးသည် စစ်မြေပြင်၏ ရှေ့တန်းစစ်မျက်နှာပြင်ကိုကျော်လွန်၍ ရန်သူ့နောက်တန်းရှိ ကွပ်ကဲမှုဌာနချုပ်များ၊ ထောက်ပံ့ပို့ဆောင်ရေးဗဟိုဌာနများ၊ ခဲယမ်းသိုလှောင်ရုံများနှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များအခြေစိုက်ရာ စစ်ဆင်ရေးနယ်မြေအတွင်းပိုင်းထိ ထိုးဖောက်တိုက်ခိုက်နိုင်သည်။

Sahara ဒုံးကျည်၏ နည်းပညာပိုင်းဆိုင်ရာ အထူးခြားဆုံးဝိသေသတစ်ခုမှာ မြေပြင်အနေအထားအတိုင်း လိုက်ပါပျံသန်းနိုင်သည့် စနစ်ပင်ဖြစ်ကြောင်း သိရသည်။

**Romanian startup develops AI-guided cruise missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး







## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ H-တန်း၊ မြေကွက်အမှတ်(၇)ရှိမြေကွက်ပေါ်တွင် ဦးသန်းစိုးဝင်း (၉/မခန(နိုင်)၀၀၂၆၃၈) ကိုင်ဆောင်သူမှ အလျား ၃၀'၊ အမြင့် ၅'-၆" ရှိ အုတ်ဝန်းခြံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့ (က)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် ကွဲဆည်ကန်နေ ဦးအိုက်မော်+ဒေါ်အေးအိ၏ သမီး မနွေနွေဖြိုး(၉/ပကခ(နိုင်)၀၅၁၉၂၇)၏ နိုင်ငံကူးလက်မှတ်နာမည် NWE NWE PHYO အမှတ်(MF-949565)နှင့် နိုင်ငံကူးလက်မှတ်နာမည် NWAY NWAY PHYO အမှတ်(MK-783668)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

NWE NWE PHYO (MF-949565) (ခ)
NWAY NWAY PHYO (MK-783668)

## ပျောက်ဆုံးကြောင်း

ကနီမြို့ အမှတ်(၂)ရပ်ကွက်နေ မအေးမြင့်သူ (ဘ) ဦးညွန့်မောင် ၅/ကနန(နိုင်)၀၆၇၆၈၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၈၈၄၆၆၇၅၆၉။

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တတ-၁၇/၈၈ (စ)ရပ်ကွက်နေ ဒေါ်ခင်ငြိမ်းဦး (ဘ) ဦးတင်ဦး ၅/ကလတ(နိုင်)၀၈၅၂၁၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၄၄၂၄၅။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အမည်ပြောင်း

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သပြေညိုကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 တွင်ပညာသင်ကြားနေသော (ဘ) ဦးသိန်းအောင်ဇော်၏ သမီး မစောနန်းနွယ်အား မသဒ္ဒါနန်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသဒ္ဒါနန်းထက်အောင်

## အမည်ပြောင်း

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အောင်သရဖူခေတ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ထိန်လင်း၏ သမီး မမိုးမြင့်သော်တာအား မမေသဒ္ဒါကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေသဒ္ဒါကျော်

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်နေ ဦးမိုးသန့်(ဘ) ဦးသန်းရွှေ ၈/ပခက(နိုင်)၂၀၄၄၄၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၀၁၁၆၁၃။

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ယ-၇၊ ၄၆(က)ရပ်ကွက်နေ ဦးကျော်မျိုးသူ (ဘ) ဦးမြင့်ဆွေ ၉/မခန(နိုင်)၂၂၆၉၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-133380)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၉၀၁၁၁၂၃။

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ (က)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် ကွဲဆည်ကန်နေ မနွေနွေဖြိုး(၉/ပကခ(နိုင်) ၀၅၁၉၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 783668)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၉၆၈၆၃၅၈။

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၂/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်




နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသည့် ပြည်သူ့စစ်မှုထမ်း စစ်သည်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

**နေပြည်တော် မေ ၁၈**

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၂/၂၀၂၄) တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများကို

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

# ၂၀၂၆ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းစခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံလှေလှော်ရွက်တိုက်ပြိုင်ပွဲနှင့် ရေတပ်သားအချက်ပြဆက်သွယ်ရေးပြိုင်ပွဲများပြုလုပ်၊ ရန်ကုန်မြစ်တွင်းမှ ပင်လယ်ဝနှင့် သန်လျင်တပ်နယ်တို့သို့ လေ့လာရေးသွားရောက်

**နေပြည်တော် မေ ၁၈**

ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)သို့တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံလှေလှော်ရွက်တိုက်ပြိုင်ပွဲနှင့် အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာပြိုင်ပွဲများကို မေ ၁၇ ရက် နံနက်ပိုင်းတွင် တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ပြုလုပ်ရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြပို့ ဖမ်းခြင်းလက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်ဝမ်းပြား မီတာ ၃၀၀ ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့ကို နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ပုသိမ်စခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ မန္တလေးစခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်းစသည့် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၃ ခုတို့မှ သင်တန်းသား၊ သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါ၍

စာမျက်နှာ ၂၂ ကော်လံ ၁ ❍



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ လှေလှော်ရွက်တိုက်ပြိုင်ပွဲ ကျင်းပနေစဉ်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

Myanmar MOBILE MONEY
anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆